# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
## (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမဖုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၂၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၈.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၄-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ၏ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၂၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်နှင့်

(၂) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်တို့ပဲ ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူ ၅ ဦး၊ ယနေ့ ခွင့်ပန်ကြားထားသူ ၂ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး ယနေ့ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညို (El Nino)အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမောင်သင်းတင်သွင်းသွားတဲ့ အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်

စာရင်းတင်သွင်းသူကိုယ်စားလှယ် ၂၂ ဦးအနက် ၁၄ ဦးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး ဒသမနေ့ ၂၃-၂-၂၀၁၆ ခုနှစ်မှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုဆွေးနွေးရန် ကျန်ရှိတဲ့ ကိုယ်စားလှယ်ရှစ်ဦးဆက်လက်ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အခြားဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ သဘာဝအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ ဆွေးနွေးချက်တွေကို လေ့လာကြည့်တဲ့အခါမှာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ကြောင်း ခုနစ်ချက်ကို အဓိကအာရုံစိုက်ပြီး တွေ့ရှိရပါတယ်။ အဲဒီ ခုနစ်ချက်ထဲမှာဆိုရင် (၁) သောက်သုံးရေနှင့်စိုက်ပျိုးရေးကို စနစ်တကျသုံးစွဲခြင်းဆိုတာ အစိုးရဝန်ကြီးထဲမှာ ဘယ်ဝန်ကြီးဌာနက အဓိကတာဝန်ကျသလဲလို့ လေ့လာဆန်းစစ်တဲ့အခါမှာ စိုက်ပျိုးရေကို အကျိုးရှိရှိအသုံးချရေးကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အဓိကတာဝန်ရှိနေပါတယ်။ (၂) ရေလှောင်တမံများရှိရေကို မှန်မှန်ကန်ကန်အသုံးပြုရေးဆိုပြီးတော့ ဒီဆွေးနွေးချက်အပေါ်မှာ အကြံပြုသွားတာရှိပါတယ်။ ဒါကလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကအဓိကတာဝန်ရှိနေပါတယ်လို့ ကျွန်တော်ထောက်ပြလိုပါတယ်။ (၃) အယ်လ်နီညိုဖြစ်စဉ် သက်ရောက်မှုကြောင့် အများဆုံးထိခိုက်နိုင်မည့် စားနပ်ရိက္ခာထုတ်လုပ်သည့် စိုက်ပျိုးရေးကဏ္ဍအပေါ် အလေးထားစောင့်ကြည့်ခြင်းဆိုပြီးတော့ ဒီလိုမျိုး အကြံပြုဆွေးနွေးသွားတာဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်ထပ်ဖြည့်စွက်ချင်တာက အလေးထား စောင့်ကြည့်နေစရာမလိုပါဘူး။ ကျွန်တော်တို့ အယ်လ်နီညိုဖြစ်နေတဲ့ဟာကို ကြိုတင်ပြင်ဆင်ကာကွယ်ဖို့လုပ်ငန်းတွပဲ လုပ်ဖို့လိုနေပါတယ်။ စောင့်ကြည့်ရုံသက်သက်နဲ့အလုပ်မဖြစ်ပါဘူး။ ဒါလေးကိုတော့ ကျွန်တော် ဖြည့်စွက်ချင်ပါတယ်။ ဒီ နံပါတ်(၃)အချက်က ဘယ်ဝန်ကြီးဌာနက အဓိကကျသလဲလို့ လေ့လာဆန်းစစ်တဲ့အခါမှာ စားနပ်ရိက္ခာဟာ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတွေက အခြေခံထားတာဖြစ်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကပဲ အဓိကတာဝန်ကျနေပါတယ်။ (၄) ခြောက်သွေ့သော ရာသီဥတုနှင့် လိုက်လျောညီထွေသည့် စိုက်ပျိုးသည့်နည်းစနစ်များ ရှာဖွေစုဆောင်းခြင်းဆိုပြီးတော့

ဖော်ပြသွားတာ တွေ့ရပါတယ်။ ဒါကလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဓိကတာဝန်ယူ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ရှာဖွေစူးစမ်းခြင်းဆိုတာကလည်းပဲ ကျွန်တော့်အနေနဲ့ ဒီစကားလုံးမကြိုက်ပါဘူး။ တကယ်တော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှာ စိုက်ပျိုးရေးနည်းပညာတွေရှိပြီးသားဖြစ်ပါတယ်။ မိုးခေါင်ရင်ဘာလုပ်ရမယ်၊ ရေကြီး နစ်မြုပ်ရင် ဘာလုပ်ရမယ်ဆိုတဲ့ Technique တွေရှိပါတယ်။ ဒါတွေကို အကျိုးရှိရှိလက်တွေ့ အသုံးချမှု၊ အသိပညာ အားပေးမှုနည်းတယ်လို့ ဒီလိုမျိုး ကျွန်တော်ဆွေးနွေးချင်ပါတယ်။ (၅) ရေပေး ဝေရေးစနစ်ချဲ့ထွင်ထားရှိခြင်း၊ ဒါကလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကပဲ အဓိကတာဝန်ရှိနေပါတယ်။ (၆) အပူဒဏ်ကြောင့် ဖြစ်ပေါ်လာမယ့်ရောဂါများအတွက် ကြိုတင် ကာကွယ်ကုသနိုင်ရန် စီမံဆောင်ရွက်ခြင်းဆိုတာကတော့ ကျန်းမာရေးနဲ့သက်ဆိုင်မယ်လို့ ယူဆပါ တယ်။ (၇) မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ထားမှု ဒါကတော့ အားလုံးနဲ့ပူးပေါင်းဆောင်ရွက် ရမယ့်အနေအထားပါလို့ပဲ ကျွန်တော်သိမြင်ပါတယ်။ ဒီနေရာမှာ မိုးလေဝသရာသီဥတုက ဖောက်ပြန် နေတဲ့ အယ်လ်နီညိုရာသီဥတုပြင်းထန်မှုကြောင့် ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေးအမြင်အရ ဆက်လက် ပြီးဆွေးနွေးသွားချင်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ စိုက်ပျိုးရေးအမြင်အရ ဆွေးနွေးရတဲ့အခါမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အသိပေး ချင်တာကတော့ အချက်နှစ်ချက် လုပ်ဖို့လိုပါတယ်။ (၁) လယ်ယာကဏ္ဍနှင့်ပတ်သက်လို့ အောက်မြန်မာနိုင်ငံမှာကော နေတဲ့မြောင်းတွေကို တူးပါတူးပါလို့ ကျွန်တော်လွန်ခဲ့တဲ့ငါးနှစ်လောက်က တောက်လျှောက်ပြောခဲ့ပါတယ်။ အဲဒီထဲမှာ ဒီမိုးခေါင်ရေရှားရပ်ဝန်းဒေသကို ရေရရှိအောင် နည်းပေါင်းစုံနဲ့ဆောင်ရွက်ဖို့ဆိုတာလည်း ကျွန်တော်တို့ ငါးနှစ်တိတိ အမြုပ်တစီစီနဲ့ ပြောလာခဲ့ပြီး ဖြစ် ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို အကြံပြုချင်တာကတော့ ဒီခြောက်သွေ့တဲ့ရာသီဥတု လိုက်လျောညီထွေသည့် စိုက်ပျိုးရေးနည်းစနစ် တွေကို တိကျလမ်းညွှန်ဖို့လိုပါတယ်။ ယနေ့ ကျွန်တော်တို့ တောင်သူလယ်သမားတွေကို မိုးခေါင်ရင် ဘာလုပ်မလဲဆိုတာမေးကြည့်ရင် သူတို့မသိပါဘူး။ မိုးခေါင်တော့မယ် ဒါဆိုရင် စိုက်စနစ်ကို ဘယ်လို ပြင်မလဲဆိုတာ သူတို့မသိပါဘူး။ ဒါပေမဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ သိပါ တယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ထမ်းတွေ အကုန်သိပါတယ်။ ဥပမာဆိုရင် မိုးခေါင်မယ်ဆိုရင်၊ မစိုက်ရသေးဘူးဆိုရင် ထည်ရေးနက်နက် ထွန်ရေးညက်ညက်ဆောင်ရွက်ခြင်း သည် မိုးခေါင်တဲ့ဒဏ်ကို ခံနိုင်တယ်။ သဘာဝမြေဩဇာသုံးစွဲခြင်းသည် ဓာတ်မြေဩဇာသုံးစွဲခြင်းထက်

မိုးခေါင်တဲ့ဒဏ်ကို ခံနိုင်တယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အချိန်ကလည်း သိပ်မရတဲ့အတွက် သီးနှံဆုံးရှုံးမှုမရှိအောင် ကျွန်တော့်အနေနဲ့ နောက်ဆုံးအကြံပေးချင်တာကတော့ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းတွေကို၊ တောင်သူလယ်သမားတွေကို အနီးကပ်ကြီးကြပ်ပြီးတော့ မိုးခေါင်ရင်ဘာလုပ်မလဲ၊ မိုးခေါင်မှာမို့လို့ ဘာတွေကြိုတင်ပြင်ဆင်သင့်တယ်ဆိုတာ အသိပညာများများပေးပါလို့ ကျွန်တော်မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၏ အရေးကြီးအဆိုကို အနည်းငယ်ဖြည့်စွက်အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျွန်မတို့ကမ္ဘာမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းရဲ့ဆိုးကျိုးတွေကို ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ ခံစားနေရပြီး ကျွန်မတို့နိုင်ငံမှာလည်း ကြိမ်ဖန်များစွာ ခံစားခဲ့ရပြီးဖြစ်ပါတယ်ရှင်။ ဒီလိုကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းရဲ့ အဓိကအကြောင်းတရားများဟာ လူသားတို့ကြောင့် ရာသီဥတုပြောင်းလဲလာခြင်း ဖြစ်ပါတယ်ရှင်။ သစ်တောပြုန်းတီးမှုများပြားလာခြင်း၊ ကျောက်မီးသွေးတွင်းထွက်သယံဇာတ စက်ရုံများတည်ဆောက်မှုများပြားလာခြင်း၊ ရေကာတာ တည်ဆောက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကြောင့်ဖြစ်တယ်လို့ ပညာရှင်များက ဆိုပါတယ်ရှင်။ ဒီလိုကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်းနဲ့အတူ ၁၉၈၀ ခုနှစ်မှစတင်ကာ အယ်လ်နီညို(El Nino) ရဲ့ အကျိုးသက်ရောက်မှုတွေဟာ ငါးနှစ်မှခုနှစ်နှစ်တွင် တစ်ကြိမ်ဖြစ်ပေါ်ရာမှ ယခုအခါတွင်တော့ နှစ်နှစ်မှသုံးနှစ်တွင်တစ်ကြိမ် ပိုမိုစိတ်ပြီး ဖြစ်ပေါ်လာခဲ့တာ ယနေ့ကျွန်မတို့မြန်မာနိုင်ငံမှာလည်း အယ်လ်နီညိုရဲ့ အကျိုးသက်ရောက်မှုတွေကို စတင်ခံစားနေရပြီ ဖြစ်ပါတယ်ရှင်။ ဒီလိုအကျိုးသက်ရောက်မှုတွေ ခံစားနေရတဲ့အထဲမှာ ရေအရင်းအမြစ်ရှားပါးရခြင်းရဲ့ အဓိကအကြောင်းအရင်းကို ကျွန်မဆွေးနွေးလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျွန်မတို့မြန်မာနိုင်ငံဟာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ အာဖရိကနိုင်ငံ ဒါဗင်မြို့မှာကျင်းပတဲ့ ကမ္ဘာ့သစ်တောကွန်ကရက်၌ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ရဲ့ ထုတ်ပြန်ကြေညာချက်အရ ကျွန်မတို့မြန်မာနိုင်ငံဟာ ကမ္ဘာ့သစ်တောပြုန်းတီးမှု

အများဆုံးစာရင်းမှာ အမြင့်ဆုံးစာရင်းအဖြစ် အဆင့်(၃)နေရာမှာ ရပ်တည်နေတယ်ဆိုတာကို ဝမ်းနည်းဖွယ်သိရှိရပါတယ်ရှင်။ ဥတုရာသီတောကိုမှီဆိုတဲ့အတိုင်း ကျွန်မတို့မှာ မှီခိုစရာ သစ်တောတွေ ပြုန်းတီးလာတာဖြစ်တဲ့အတွက်ကြောင့် ဂေဟစနစ်တွေ ပျက်စီးလာပြီး ကျွန်မတို့ရာသီဥတုပြောင်းလဲလာတဲ့အတွက် ရေအရင်းအမြစ်တွေ ဆုံးရှုံးလာတာ ဖြစ်ပါတယ်ရှင်။ ယခုအခါ ကျွန်မတို့ ကယားပြည်နယ်ရဲ့မြို့တော် လွိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက်အချို့မှာလည်း ရေတွင်းများခမ်းခြောက်ပြီး ရေရှားပါးမှုပြဿနာနှင့် စတင်ကြုံတွေ့နေရပြီးဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရေရှားပါးမှုနှင့် စတင်ကြုံတွေ့ရတဲ့အခါမှာ တစ်ပြိုင်နက်တည်းကြုံတွေ့ရမယ့်ပြဿနာဟာ ကျွန်မတို့အတွက် လျှပ်စစ်စွမ်းအင်လိုအပ်ချက်ပဲ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ လျှပ်စစ်သုံးစွဲမှုပမာဏဟာ ၃၂ ရာခိုင်နှုန်းခန့်သာရှိနေပြီးတော့ လျှပ်စစ်စွမ်းအင်ကို ကျွန်မတို့ဟာ ရေအရင်းအမြစ်ကနေ အဓိက အများဆုံးထုတ်ယူသုံးစွဲတာ ဖြစ်ပါတယ်ရှင်။ ဥပမာတစ်ခုအနေနဲ့ဆိုလို့ရှိရင် ကျွန်မတို့ မြန်မာနိုင်ငံရဲ့ အစိတ်အပိုင်းတော်တော်များများမှာ ထုတ်ယူသုံးစွဲလျက်ရှိတဲ့ ကျွန်မတို့ ကယားပြည်နယ် လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ပါရန် ထောက်ပံ့ပေးနေတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ် မိုးဗြဲရေကာတာရဲ့ ရေသိုလှောင်နိုင်မှုပမာဏနှင့် ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်ရှင်။ ကျွန်မတို့ မိုးဗြဲရေလှောင်တာမံဟာ အမြင့်ဆုံးရေမျက်နှာပြင်အကျယ်ဆုံး ၇၆ စတုရန်းမိုင်ကျယ်ဝန်းပြီး အလျား ၃၄ မိုင်ခန့်ကျယ်ဝန်းကာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၉၇ ပေမှာ ၂၉.၂ ဘီလီယံကုဗပေ သိုလှောင်နိုင်ရာမှာ ယခုအခါပြောင်းလဲလာသော ရာသီဥတုကြောင့် နုန်းတင်မြေနုများ နုန်းတင်လျက်ရှိရာ သုံးပေခန့်ရှိလာပြီး ရေမျက်နှာပြင်မှာလည်း သုံးပေခန့် လျော့ကျလာတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ နုန်းတင်မြေနု တစ်ပေတင်လာခဲ့မယ်ဆိုလို့ရှိရင် ရေပမာဏသိုလှောင်နိုင်မှုဟာ ၁.၄၄ ဘီလီယံကုဗပေလျော့ကျလာတာဖြစ်တဲ့အတွက် ယခုရေသိုလှောင်နိုင်မှုပမာဏဟာ ၂၀ ဘီလီယံကုဗပေခန့်သာရှိပြီးတော့ လျှပ်စစ်ထုတ်လုပ်မှုပမာဏဟာလည်း လျော့ကျလာတာ ဖြစ်ပါတယ်ရှင်။

နှစ်စဉ် နွေရာသီမှာ ကြုံတွေ့နေကျဖြစ်တဲ့ ရေရှားပါးမှုပမာဏထက် ယခု အယ်လ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် ကြုံတွေ့ရမယ့် ရေရှားပါးမှုပြဿနာနှင့် တပြိုင်နက်တည်းဖြစ်ပေါ်လာမယ့် စိန်ခေါ်မှုဟာ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ပမာဏ မြင့်တက်လာမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ လူနေမှုဘဝပေါ် အများကြီးအကျိုးသက်ရောက်မှုရှိတယ်ဆိုတာကို သတိချပ်သင့်ပါတယ်ရှင်။ လျှပ်စစ်စွမ်းအင်ထုတ်ယူသုံးစွဲဖြန့်ဝေခြင်းအား သေချာစိစစ်စီမံဆောင်ရွက်သင့်ပါ

မူကြမ်း

ကြောင်းနှင့် ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ကျွန်မတို့ ထိခိုက်ခံစားရမှုအများဆုံး ခံစားရမယ့် လူထုလူတန်းစားများဟာ ကျွန်မတို့မြန်မာနိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းခန့်မျှရှိတဲ့ တောင်သူလယ်သမား အခြေခံလူထုလူတန်းစားတွေပဲဖြစ်ပါတယ်ရှင်။ ဒီအတွက်ကြောင့် ကျွန်မတို့ ယနေ့မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းစဉ်များရဲ့ ခြေလှမ်းကို နှောင့်နှေးကြံ့ကြာစေမှာ ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဒီအကျိုးသက်ရောက်မှုတွေဟာ နိုင်ငံတစ်ဝှမ်းလုံး မှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားနဲ့ တိုက်ရိုက်သက်ဆိုင်နေတာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကျွန်မတို့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ထောက်ရှုပြီးတော့မှ အဆိုရှင် ရဲ့အဆိုမှာ ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့် အခန်းကဏ္ဍမှာ လျှပ်စစ်စွမ်းအင်ထုတ်ယူသုံးစွဲ ဖြန့်ဝေခြင်းနှင့်ပတ်သက်သည့် အခန်းကဏ္ဍအား သေချာစီစဉ်ဆောင်ရွက်သင့်ပါကြောင်းအဆိုကို ထည့်သွင်းရင်း သစ်တောစွမ်းအင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ကို ပြန်လည်စိစစ်ပြီး ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အခန်းကဏ္ဍကို ပီပီပြင်ပြင်ထည့်သွင်းရေးဆွဲပြီး ခိုင်မာအသက်ဝင်သည့် စီမံချက်မဟာဗျူဟာများချမှတ်သင့်ပါကြောင်းနှင့် ရာသီဥတုပြောင်းလဲခြင်းကို လျော့ပါးအောင်ပြုလုပ်ခြင်းနှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲခြင်းများ ကြိုတင်စီမံမှုဆိုင်ရာစီမံခန့်ခွဲခြင်းတို့ကို ပိုမိုထိထိရောက်ရောက်ဆောင်ရွက် သင့်ပါကြောင်း အဆိုပြုရင်း ဒေါက်တာမောင်သင်း၏အဆိုအား အကြံပြုထောက်ခံတင်ပြအပ်ပါတယ် ရှင်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းရဲ့ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့အဆိုကို ထောက်ခံ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အယ်လ်နီညိုရာသီဥတုသက်ရောက်မှု ကမ္ဘာ့သမိုင်းမှာအပြင်းထန်ဆုံးဖြစ်မယ်လို့ မိုးလေဝသပညာရှင် များခန့်မှန်းထားတာကို အားလုံးအသိပဲဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေတွေကို ကြိုတင်တွက်ဆနိုင်ဖို့ မြို့၊ ရွာတွေရဲ့(Data)အချက်အလက်အမှန်တွေကို တိကျစွာရယူထားဖို့လိုအပ်

ပါတယ်။ ယခင်ဘေးအန္တရာယ်ကျရောက်ခဲ့စဉ်တွေမှာ ကြိုတင်ကာကွယ်ရေးနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းတွေကြန့်ကြာနှောင့်နှေးခဲ့လို့ ဆုံးရှုံးမှုတွေမများသင့်ဘဲ များခဲ့တာတွေကို သင်ခန်းစာရယူ ဆောင်ရွက်သင့်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ် သောက်သုံးရေရှားပါးပြတ်လပ်မှုဟာ ဧပြီလ၊ မေလ လောက်မှဖြစ်ပေါ်တတ်ပေမယ့် အခုနှစ်မှတော့ ယခုဖေဖော်ဝါရီလကတည်းက စတင်ပြီးတော့ ဖြစ်ပေါ် နေပြီဖြစ်ပါတယ်။ ယခင်နှစ်က ကျေးရွာပေါင်း ၄၀၀ ကျော်မှာ ရေရှားပါးပြတ်လပ်မှုတွေဖြစ်ခဲ့ပေမယ့် အခုနှစ်မှာတော့ ကျေးရွာပေါင်း ၁၇၀၀ လောက်ထိ ရေရှားပါးပြတ်လပ်မှုတွေ ဖြစ်နိုင်တယ်လို့ ခန့်မှန်း မှုတွေရှိနေပါတယ်။ အယ်လ်နီညိုရာသီဥတုဘေးအန္တရာယ်ကို ထိရောက်စွာကာကွယ်နိုင်ဖို့ တိကျ ပြည့်စုံတဲ့ အချက်အလက်(Data)အမှန်တွေကို ရရှိဖို့လည်းလိုအပ်ပါတယ်။ (Data)အချက်အလက် တွေကို စားပွဲမှာသာဖြည့်သွင်းပြီးတော့၊ စာရွက်ပေါ်မှာသာ အကောင်းဆုံးဆောင်ရွက်ခဲ့ကြတဲ့ အလေ့အကျင့်တွေကိုလည်း ပြောင်းလဲသင့်ပြီလို့ ပြောလိုပါတယ်။ အခုဖြစ်ပေါ်နိုင်တဲ့ သဘာဝဘေး အန္တရာယ်ဟာ ကြီးမားပြင်းထန်နိုင်ပါတယ်။ ဒါ့ကြောင့် အရေးကြီးအခြေအနေအဖြစ် အမျိုးသားရေး အသွင်နဲ့ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ရာ လွှတ်တော်အနေ ဖြင့်လည်း ကော်မတီ သို့မဟုတ် ကော်မရှင်ဖွဲ့ပြီးတော့ ဆောင်ရွက်ရန်သင့်/မသင့်ကို အလေးအနက် ထားစဉ်းစားသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကို တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိုးဝါးတဲ့ဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်ခြင်းနှင့် ကူညီဆောင်ရွက် ခြင်းပြုကြရာမှာ စေတနာရှင်ပြည်သူများနှင့်အတူ အရပ်ဘက်လူမှုအဖွဲ့အစည်း(CSO)များ၊ NGO၊ INGO နှင့် နိုင်ငံတကာအကူအညီများဟာ အလွန်အရေးပါလှပါတယ်။ ကူညီလှူဒါန်းမှုတွေ ရယူတဲ့ အခါမှာ အဂတိကင်းစင်စေရပါမယ်။ နာဂစ်မုန်တိုင်းတုန်းက နိုင်ငံတကာမှအလှူပစ္စည်းတွေဟာ ရန်ကုန်မြို့ ညောင်ပင်လေးဈေးမှာ လိုသလောက်ရရှိနိုင်တာ တွေ့ခဲ့ရပါတယ်။ ရေကြီး နစ်မြုပ်မှု ကြောင့် လယ်ယာမြေတွေ ပျက်စီးဆုံးရှုံးစဉ်မှာ နိုင်ငံတော်အစိုးရပံ့ပိုးပေးမှုအတိုင်း တောင်သူ လယ်သမားများလက်ဝယ် အပြည့်အဝမရရှိခဲ့တာ ကိုယ်တွေ့ကြုံခဲ့ရပါတယ်။ အဲဒါကြောင့် ပြည်တွင်း/ ပြည်ပထောက်ပံ့ကူညီမှုတွေကို ရယူစီမံခန့်ခွဲရာမှာ ပွင့်လင်းမြင်သာစွာရှိပြီးတော့ တာဝန်ယူ၊ တာဝန်ခံ မှုရှိစွာဖြင့် ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ရာသီဥတုကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုမှာ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ သနပ်ပင်ဟာလည်း ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်လိုပဲ အဆိုးဝါးဆုံးထဲမှာ ပါဝင်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ အဆိုးဆုံးဖြစ်ခဲ့လို့ လူတွေပါမကဘဲ ကျွဲ၊ နွားတိရစ္ဆာန်တွေပါ အစာရေစာပြတ်လပ် ကျန်းမာရေးထိခိုက်ပြီး ဒုက္ခခံစားခဲ့ကြရပါတယ်။ ဖြစ်စဉ်တစ်ခုမှာ ရေလှူတဲ့ကားရှာကိုရောက်လာတာကို လူတွေနဲ့အတူ နွားတွေပါဝိုင်းအုံလာကြလို့ ရေလှူဒါန်းသူတွေကို ကျေးဇူးတင်လွန်းလို့ ထိုင်ကန်တော့တဲ့အဖြစ်မျိုးအထိ ဝမ်းနည်းရင်နာစွာကြုံတွေ့ခဲ့ရဖူးပါတယ်။ အနာရောဂါကိုဖြစ်မှကုသတာထက် ကြိုတင်ကာကွယ်ခြင်းဟာ ပိုမိုထိရောက်တယ်လို့ အဆိုရှိပါတယ်။ ပူပြင်းခြောက်သွေ့မှုကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်သင့်သလို သောက်သုံးရေချွေတာသုံးစွဲရေး၊ ရေသိုလှောင်ထားရှိရေး၊ ဆည်ရေများကို အလေအလွင့်ဆုံးရှုံးမှုနည်းအောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေစနစ် စီမံတကျဆောင်ရွက်ရေးနှင့် လျှပ်စစ်မီးရရှိရေး၊ စားနပ်ရိက္ခာ၊ ကျန်းမာရေးကြိုတင်ကာကွယ်ရေးနှင့် လိုအပ်မယ့်ဆေးဝါးများကို ကြိုတင်စုဆောင်းစီမံထားရေးဟာလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ထားသင့်ပြီး နောက်နှစ်များမှာလည်း အခုကဲ့သို့ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးနှင့် သဘာဝဘေးအန္တရာယ် လျော့နည်းသက်သာရေးတို့ကို ရေတိုရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ထားသင့်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အလေးအနက်ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ကိုယ်စိတ်နှစ်ပါးကျန်းမာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုအပေါ်မှာ ဖြည့်စွက်အကြံပြုထောက်ခံဆွေးနွေးသွားမှာ

ဖြစ်ပါတယ်။ အဆိုမှာ အယ်လ်နီညိုရာသီဥတုဟာ အထူးသဖြင့် ပူပြင်းခြောက်သွေ့သောရာသီဥတုကို ဖြစ်စေကြောင်း၊ မီးလောင်မှုကို အားပေးကြောင်း၊ ယခုလည်း မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ မီးလောင်မှုများ ဆက်တိုက်ဆိုသလိုဖြစ်ခဲ့ကြောင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ကြောင်း ဖော်ပြထားပါတယ်။ ဖြည့်စွက်အကြံပြုဆွေးနွေးလိုတာက မီးဘေးကို ကြိုတင်ကာကွယ်တဲ့နေရာမှာ အခြေခံစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းတို့ရဲ့ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ အလေးအနက်တွန်းအားပေးညွှန်ကြားဆောင်ရွက်ရန် လိုအပ်နေတယ်လို့ တင်ပြလိုပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့ရဲ့အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲများကလည်း ပူပြင်းတဲ့မတ်လကုန်အထိဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲများကလည်း ပြုလုပ်ပြီးစီးသွားခဲ့ပါပြီ။ ဒီအခါမှာ ပထမအကြိမ်တုန်းက ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ပြန်လည်ပါဝင်လာတာရှိသလို ပြန်လည်ပြီးအရွေးချယ်မခံရသူ၊ ဆက်လက်မထမ်းဆောင်လိုသောသူများလည်း ရှိပါတယ်။ ဒါပေမဲ့ သူတို့ဟာ သမ္မတသက်တမ်းနှင့်အညီ ယခုအချိန်မှာ ဆက်လက်တာဝန်ရှိနေကြမှာဖြစ်ပြီး အုပ်ချုပ်ရေးမှူးအသစ်များကတော့ တရားဝင်တာဝန်လွှဲပြောင်းပေးပြီးမှသာ စတင်တာဝန်ယူရမှာဖြစ်ပါတယ်။ ဒီအခါမှာ တချို့သောအုပ်ချုပ်ရေးမှူးဟောင်းများဟာ မိမိတို့ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း အရန်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းပြီး လိုအပ်တဲ့မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကိစ္စများကို စိတ်ပါလက်ပါဆောင်ရွက်တော့ခြင်းမရှိဘဲ ငါကတော့ နားရတော့မှာပဲဆိုတဲ့စိတ်ကိုအခြေခံပြီး ပေါ့ဆစွာလုပ်ဆောင်နေကြတာကို ကျွန်တော်တို့တွေ့မြင်ကြားသိလာရပါတယ်။

သုံးစွဲတဲ့သူရဲ့ပေါ့ဆတဲ့မီးကြောင့် မီးလောင်ရတာရှိသလို စီမံခန့်ခွဲတဲ့သူများရဲ့ ပေါ့ဆတဲ့စီမံခန့်ခွဲမှုကြောင့် မီးလောင်နေရတာတွေကိုလည်း တွေ့လာရပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေ အခန်း(၄) အပိုဒ် ၁၉ အပိုဒ်ခွဲ(က)ပါ မီးဘေးအန္တရာယ်တားဆီးရေးနှင့်ပတ်သက်သော အုပ်ချုပ်ရေးမှူးများ၏ တာဝန်များကို တက်ကြွစွာလုံးဝမလုပ်တော့ဘဲ လျစ်လျူရှုလာတာတွေကို တွေ့မြင်ကြားသိနေရပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်နေတဲ့ယခုအချိန် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အပြောင်းအလဲ စပ်ကူးမတ်ကူးအချိန်မှာ စီမံခန့်ခွဲရေးကိစ္စများ လစ်ဟင်းပေါ့ဆမှုကြောင့် အောက်ခြေအဆင့်တွေမှာ ဖရိုဖရဲဖြစ်နေတာတွေမဖြစ်ရအောင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် သေချာစွာကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းတင်ပြရင်း ဒေါက်တာမောင်သင်း၏ အရေးကြီးအဆိုကို ဖြည့်စွက်ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်ဖြစ်ပြီး ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းဝေး နဝမမြောက်နေ့မှာ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းသော အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အလျဉ်းသင့်သလို Power point Slide တချို့နှင့် ဆွေးနွေးခွင့်ပြုပါရန်လည်း လေးစားစွာပန်ကြားအပ်ပါတယ်။ လေးစားရ ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အယ်လ်နီညို(El Nino)ရာသီဥတုသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသော အပူချိန်လွန်ကဲခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရှားပါးပြတ်လပ်ခြင်း၊ အချိန် အခါမဟုတ် ရေကြီးရေလျှံခြင်း၊ မီးဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်း စတဲ့အကြောင်းအရာ တွေကို မူလအဆိုရှင်နှင့်တကွ ထောက်ခံဆွေးနွေးသူအတော်များများက ရှေ့မှာ ပြည့်ပြည့်စုံစုံဆွေးနွေး သွားခဲ့ကြပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အယ်လ်နီညိုရာသီဥတုရဲ့ နောက်ဆက်တွဲဆိုးကျိုး တစ်ခုဖြစ်တဲ့ လျှပ်စစ်ဓာတ်အားပြတ်တောက်နိုင်မှု အခြေအနေ၊ လက်ရှိ ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေ၊ အယ်လ်နီညိုသက်ရောက်မှုဖြစ်စဉ်အတွင်း လျှပ်စစ်ဓာတ်အား အမှန်တကယ် ဖြန့်ဖြူးပေးနိုင်မှုအခြေအနေများကိုသာ အလေးပေးဆွေးနွေးရင်း အရေးကြီးအဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို (၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ (၂) သဘာဝဓာတ်ငွေ့၊ ရေနွေးငွေ့နှင့်စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ၊ (၃) ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ လည်ပတ်၍ ဓာတ်အားထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိရာမှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား စုစုပေါင်းလိုအပ်ချက်ရဲ့ ၆၀ ရာခိုင်နှုန်းကျော်ဟာ ရေအားလျှပ်စစ်စက်ရုံများအပေါ် အဓိကထားမှီခိုနေရကြောင်း တွေ့ရှိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာအချက်အလက်များအရ ကျွန်တော်တို့နိုင်ငံရဲ့အမြင့်ဆုံး ဓာတ်အားထုတ်လုပ်ပေးနိုင်မှုပမာဏဟာ

၂၅၀၀ မဂ္ဂါဝပ်ခန့် ရှိပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားတိုးမြှင့်သုံးစွဲလိုမှုပမာဏဟာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးမြင့်လာနေတဲ့အတွက် ၂၀၁၆ ခုနှစ်မှာ မဂ္ဂါဝပ်စုစုပေါင်း ၂၈၇၅ အထိ လိုအပ်လာလိမ့်မယ်လို့ အကြမ်းဖျင်းခန့်မှန်းတွက်ချက်ထားကြပါတယ်။ အဲဒီလို တစ်ဖက်က လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲလိုမှု မြင့်တက်လာချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးလို့ဆိုရလောက်တဲ့ အယ်လ်နီညိုရာသီဥတုနဲ့ ကျွန်တော်တို့ ကြုံတွေ့နေကြရတဲ့အတွက် နိုင်ငံတစ်ဝှမ်းမှာရှိတဲ့ ရေလှောင်တမံများ၊ ဆည်ရေများ၊ အငွေ့ပျံခမ်းခြောက်မှုနှုန်းမြင့်မားလာခြင်း၊ ပူပြင်းသောရာသီဥတုကြောင့် လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲရန် လိုအပ်လာခြင်းနှင့် အဆိုပါ လိုအပ်ချက်ကိုပြည့်မီအောင် လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်ရသည့်အတွက် သိုလှောင်ဆည်ရေပမာဏ လျင်မြန်စွာလျော့နည်းဆုံးရှုံးလာခြင်း၊ မုတ်သုံအဝင်နောက်ကျခြင်း၊ မုတ်သုံအားပျော့ခြင်းတို့ကြောင့် ဆည်ရေစတင်ဝင်ရောက်မှုကာလမှာလည်း ယခင်နှစ်များထက် နောက်ကျလာနိုင်ခြင်း စတာတွေကို ကျွန်တော်တို့ မလွဲမသွေ ရင်ဆိုင်ကြရတော့မှာ ဖြစ်ပါတယ်။ အဲဒီ ဆင့်ကဲဖြစ်စဉ်များရဲ့ အကျိုးဆက်အနေနဲ့ အယ်လ်နီညိုသက်ရောက်မှု ပြင်းထန်ဆုံးခံစားဖို့ သေချာသလောက်ရှိနေတဲ့ လာမယ့် ဧပြီ၊ မေ၊ ဇွန်လများမှာ ပြည်သူလူထုအဓိက မှီခိုအားထားရာ ရေအားလျှပ်စစ်စက်ရုံများရဲ့ လည်ပတ်နိုင်စွမ်းအားကို အကြီးအကျယ် ထိခိုက်လျော့နည်းစေမှာ ဖြစ်ပါတယ်။ ယခုလောလောဆယ်မှာပင် အဓိကရေအားလျှပ်စစ်စက်ရုံကြီးတွေဖြစ်တဲ့ ရဲရွာ၊ အထက်ပေါင်းလောင်း၊ အောက်ပေါင်းလောင်းနှင့် ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းများကို ကြားခံပေးနေတဲ့ မိုးပြဲဆည်တို့မှာ နှစ်အလိုက် ရေ Level ခြားနားပေများနိမ့်ကျလျက်ရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံရဲ့အကြီးမားဆုံးရေအားလျှပ်စစ်ထုတ်လုပ်ပေးနေတဲ့ ရဲရွာရေလှောင်တမံမှာဆိုရင် မနှစ်က ဒီလိုနေ့၊ ဒီလိုအချိန်မှာ ရှိခဲ့တဲ့ ရေ Level ထက် ဒီကနေ့၊ ဒီအချိန်မှာ ၁၀ ပေခန့် နိမ့်ကျလျက်ရှိကြောင်း သိရှိရပါတယ်။ ဆည်အတွင်းရေဝင်ခြင်းနှင့် ဆည်ကနေပြီးတော့ လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် ထုတ်လုပ်လိုက်တဲ့ ရေထွက်ခြားနားမှုမှာလည်း အချိန်နဲ့အမျှ တစ်စက္ကန့်လျှင် ကုဗပေ ၅၀၀၀ ခန့် ဆုံးရှုံးနေပြန်ပါတယ်။ ဒီလိုအခြေအနေတွေအောက်က ရေအားလျှပ်စစ်စက်ရုံများဟာ မုတ်သုံမိုးသာ တွက်ဆထားသလို နောက်ကျခဲ့မယ်ဆိုရင် တဖြည်းဖြည်း အင်အားချိနဲ့စွာနဲ့ လုံးပါး ပါးကာ ရသလောက်လည်ပတ်နေကြရင်း နောက်ဆုံး မလည်နိုင်တော့တဲ့အဆုံး တချို့စက်ရုံတွေ လုံးဝကို ရပ်ပစ်လိုက်ရတဲ့အခြေအနေအထိ ဆိုက်ရောက်သွားနိုင်ပါတယ်။ ပညာရှင်တချို့ကတော့ အခြေအနေအရပ်ရပ်ကို တွေးဆဆင်ခြင်ပြီး အဓိကဆည်များမှာ

လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အနိမ့်ဆုံးရေအမှတ်သို့ လာမယ့် မေလ အလယ်လောက်တွင် ရောက်ရှိသွားနိုင်ကြောင်း ခန့်မှန်းပြောဆိုထားပါတယ်။

သို့ပါ၍ နောက်တစ်လ၊ နှစ်လအတွင်း မလွှဲမသွေ ရင်ဆိုင်ကြုံတွေ့ရတော့မယ့် အယ်လ်နီညို ဆိုင်ရာဘေးအန္တရာယ်တွေမှာ လျှပ်စစ်မီးလုံလောက်အောင် ထုတ်လုပ်ဖြန့်ဖြူးမပေးနိုင်ခြင်းသည် လည်း ကျွန်တော်တို့အတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်အဖြစ် ပါဝင်လာမှာဖြစ်ပါတယ်။ ဒါကြောင် မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အခြားတာဝန်ရှိအဖွဲ့အစည်းများအနေနဲ့ ၎င်းပြဿနာကို အထူး အလေးထားဆောင်ရွက်ရမှာဖြစ်သလို ပြည်သူလူထုကိုလည်း အခြေအနေမှန်ကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုများ ဆောလျင်စွာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ အယ်လ်နီညို ရာသီဥတုသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးဘေးအန္တရာယ်အဝဝကို နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး လိုလားရှေးရှုလျက် ဆောလျင်စွာ ကြိုတင်ကာကွယ်စီမံနိုင်ရေးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း မိတ္ထီလာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းတင်သွင်းတဲ့ အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်းမှာ ထူးကဲစွာ အပူချိန်မြင့်တက်လာမှုများ ဖြစ်ပေါ်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ ချောင်းများ၊ ရေတွင်းရေကန် များရေလျော့နည်းကာ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် ရေပြတ်လပ်မှုများ ကြုံတွေ့လာနိုင်ကြောင်းကို ကြိုတင်သတိပေးထုတ်ပြန်မှုများ ရှိနေကြောင်း တွေ့ရှိနေရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့တဲ့ရာသီဥတုကို ဖြစ်ပေါ်လေ့ရှိကြောင်း မိုးလေဝသ

ပညာရှင်များ၏ အဆိုအရသိရှိရပါတယ်။ ပူပြင်းခြောက်သွေ့ခြင်းနှင့်အတူ မိုးခေါင်ခြင်း၊ စိုက်ပျိုးရေနှင့် သောက်သုံးရေများရှားပါးခြင်းကိုလည်း ကြုံတွေ့ရမှာဖြစ်ပါတယ်။ ယခုနှစ် အယ်လ်နီညိုဖြစ်စဉ် မတိုင်မီ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကတည်းက ကျွန်တော်တို့မန္တလေးတိုင်းဒေသကြီးမှာ မိုးရွာသွန်းမှု နည်းပါးပြီး ရေရှားတဲ့ဒဏ်ကို ကျေးလက်ဒေသအားလုံးခံစားခဲ့ရပါတယ်။ မိုးခေါင်တဲ့အတွက် စိုက်ပျိုးရေးနှင့် သောက်သုံးရေရှားပါးတဲ့ဒဏ်ကို နှစ်စဉ်နွေရာသီရောက်တိုင်း ကျွန်တော်တို့ဒေသမှာ ခံစားရပါတယ်။ ပြောင်းလဲဖောက်ပြန်လာတဲ့ရာသီဥတုကြောင့် အဓိကအားထားရတဲ့ စပါးအပါအဝင် အခြားကောက်ပဲ သီးနှံများဟာ အချိန်အခါမီ မစိုက်ပျိုးနိုင်တဲ့အတွက် တောင်သူတွေ ဝင်ငွေမရရှိတာ နှစ်နှစ်ကျော်ရှိပါပြီ။ ဒါတွေမကပဲ နွေရာသီမှာ အပူလွန်လို့ အပူလိုင်းဖြတ်လို့ သေဆုံးတဲ့လူပေါင်းလည်း မနည်းပါဘူး။ ဒါကြောင့် မိုးခေါင်ရေရှားတဲ့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး အညာဒေသက ကျေးလက်ပြည်သူများဟာ ပူပြင်းတဲ့နွေရာသီကိုတောင် ရောက်မှာကို ပူပင်စိုးရိမ်နေပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)အရ ပုဒ်မ ၄၅ တွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ဖော်ပြထားပါတယ်။ ပြည်သူများ၏ဆုံးရှုံးမှုသည် နိုင်ငံတော်၏ ဆုံးရှုံးမှုပင်ဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာနှောင့်နှေးစေမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အပိုင်းမှာလည်း ထုတ်ပြန်ထားသည့်ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသည့် ဦးစီးဌာနများ ဖြင့်လည်း ချမှတ်ထားသည့်ရည်မှန်းချက်များကို ကိုယ်စီအသိတရားနှင့်အညီ တိကျစွာ လိုက်နာ သွားကြရန် အထူးပင်လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအတူတကွ လက်တွဲကာ ပူးပေါင်းဆောင်ရွက်မှသာ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပြီး မလွဲမရှောင် သာ၍ သဘာဝဘေးအန္တရာယ်များကျရောက်လာပါကလည်း အောင်မြင်စွာကျော်လွှားနိုင်မှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်အခါမှာ ပူပြင်း ခြောက်သွေ့တဲ့အပြင် အယ်လ်နီညိုကြောင့် အပူလွန်ကဲမိုးခေါင်မယ်ဆိုရင်တော့ မတွေးရဲအောင် ဖြစ်ပါတယ်။ အယ်လ်နီညိုဟာ ပူပြင်းခြောက်သွေ့ပြီး မိုးရွာသွန်းမှုကိုနည်းပါးစေတဲ့အတွက် နွေရာသီ ကာလ အထူးသဖြင့် မတ်လ၊ ဧပြီလ၊ မေလမှာ အပူချိန်မြင့်တက်လာနိုင်ကြောင်းကို သိရှိရပါတယ်။ သောက်သုံးရေရှားပါးမှုပြဿနာဟာ ယခင်နှစ်များထက် ပိုမိုဆိုးရွားလာနိုင်ခြင်းကြောင့် ကျန်းမာရေး ပြဿနာများလည်း ရှိနိုင်ပါတယ်။ ဒါ့အပြင် ပူပြင်းခြောက်သွေ့တဲ့ အယ်လ်နီညိုဟာ မီးလောင်ခြင်းကို အားပေးစေတဲ့အတွက် မီးရေး၊ ထင်းရေးကိစ္စများအတွက်ပါ အထူးသတိပြုရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့မန္တလေးတိုင်းဒေသကြီး အပါအဝင် မကွေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အညာဒေသမှာ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ် လာမည့် သဘာဝဘေးအန္တရာယ်များကို ဘယ်လိုကာကွယ်ကြမလဲဆိုတာ ယခုအချိန်မှာ အရေးကြီးနေ ပါပြီ။ သောက်သုံးရေနှင့် စိုက်ပျိုးရေအခက်အခဲများကို ပြေလည်စေဖို့ ကျွန်တော်တို့ မန္တလေးတိုင်း ဒေသကြီးတွင် ဆည်ငယ်၊ ကန်ငယ်များတူးဖော်ခြင်း၊ မြေအောက်ရေတွင်းများတူးဖော်ခြင်းများကို နိုင်ငံတော်အစိုးရရဲ့ အစီအစဉ်၊ တိုင်းဒေသကြီးအစိုးရရဲ့အစီအစဉ်တွေနဲ့ ဆောင်ရွက်ခဲ့ပေမယ့်လည်း မိုးရွာသွန်းမှုနည်းပါးခဲ့လို့ ဆည်တွေ၊ ကန်တွေကို ရေမဝင်နိုင်တာဟာ မြေအောက်ရေတွင်းများ ရေထွက်နည်းပြီး တချို့ရေတွင်းတွေ လုံလောက်စွာမထွက်တော့တဲ့အတွက် ဒီအခက်အခဲတွေကို ကျွန်တော်တို့ဘယ်လို ဖြေရှင်းကြမလဲ၊ သဘာဝဘေးအန္တရာယ်ဆိုတာ သေချာပေါက်မျှော်မှန်းလို့ မရပေမယ့် ယခင်နှစ်များက ဖြစ်ခဲ့တဲ့အခြေအနေ၊ သက်ဆိုင်ရာပညာရှင်တွေရဲ့ ခန့်မှန်းချက်အရ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေအားလုံးကို ခြုံငုံကြည့်ရင် ပူပြင်းခြောက်သွေ့တဲ့ အယ်လ်နီညို ရာသီဥတု ဘေးထွက်ဆင့်ပွားဖြစ်စဉ်များကို မလွဲမသွေရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် ကြုံတွေ့ရမည့် အယ်လ်နီညို၏ သဘာဝဘေးအန္တရာယ်ကို နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပွင့်လင်းမြင်သာစွာပြည်သူလူထုကို ချပြခြင်း၊ နိုင်ငံတော်အစိုးရနှင့် လွှတ်တော် အသီးသီးတို့ အပြန်အလှန်အပြု သဘောဆောင်သည့် ထိန်းကျောင်းမှုများရှိနေခြင်း၊ ရန်ပုံငွေ ကြိုတင်စီမံထားရှိခြင်း၊ မီဒီယာများကလည်း နိုင်ငံတော်အစိုးရနှင့် ပြည်သူအကြားထိရောက်သော ပေါင်းကူးမှုများဆောင်ရွက်ပေးခြင်း၊ ပြည်သူများကလည်း အသိပညာပေးမှုများကို တိကျစွာလိုက်နာ ဆောင်ရွက်ခြင်း၊ ပြည်သူအချင်းချင်း နိုင်ငံသားစိတ်ဓာတ်ဖြင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက် ထားရှိခြင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးပြည်နယ် အစိုးရများအကြား အပြန်အလှန် တာဝန်ခံမှု၊ တာဝန်ယူမှုများ ထားရှိခြင်းတို့ဖြင့် အောင်မြင်စွာ ဖြတ်ကျော်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုရှင်ဒေါက်တာမောင်သင်း မိတ္ထီလာမဲဆန္ဒနယ်မှတင် သွင်းသည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညိုအကျိုး သက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်နိုင်သောသဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်ရေးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့်အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဦးကိုကိုနိုင်(ရမည်းသင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရမည်းသင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ အဆိုနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးချက်များနှင့်အတူ ကျွန်တော်တို့ဒေသနှင့်ယှဉ်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယခုကြုံတွေ့နေရတဲ့ အယ်လ်နီညိုရာသီဥတုဟာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်တွေထဲမှာ အားအကောင်းဆုံးဖြစ်ပြီးတော့ ဒီနှစ်နွေရာသီမှာ အပူချိန်ပိုမိုမြင့်မားလာနိုင်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းမှာ လာမယ့် မတ်လကစပြီးတော့ အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်ထိ ဖြစ်လာနိုင်ကြောင်း အယ်လ်နီညိုသက်ရောက်မှုကြောင့် ဒီနှစ်မုတ်သုံဝင်ရောက်မှုနောက်ကျပြီးတော့ မုတ်သုံအားမကောင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနနှင့် မိုးလေဝသပညာရှင်များရဲ့ထုတ်ပြန်ချက်အရ သိရှိရပါတယ်။ အခု အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုအခက်အခဲကို အဓိကကြုံတွေ့နေရပြီးတော့ ကျေးလက်ဦးစီးဌာနရဲ့ထုတ်ပြန်ချက်အရလည်းပဲ အခုနှစ်မှာ မနှစ်ကထက် ရေပြတ်လပ်နိုင်မယ့်ဒေသသုံးဆကျော် ပိုမိုပြီးတော့များပြားလာမယ်လို့လည်းသိရှိရပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်ရဲ့ လူဦးရေ ၉၀ ရာခိုင်နှုန်းနေထိုင်တဲ့ ကျေးရွာအများစုဟာ မြစ်ဝေး၊ ချောင်းဝေး ကုန်းတွင်းပိုင်းဒေသများဖြစ်တဲ့အတွက် မိုးခေါင်ခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ ရေလုံလောက်မှုမရှိခြင်းတို့ကြောင့် နှစ်စဉ် သောက်ရေ၊ သုံးရေခက်ခဲကြုံတွေ့နေရလေ့ရှိချိန်မှာ ယခုနှစ်မှာတော့ အယ်လ်နီညိုကြောင့် ပိုပြီးတော့မှအခက်အခဲကြုံရမယ်လို့ သုံးသပ်ရပါတယ်။ ကျွန်တော်တို့ ရမည်းသင်းမြို့နယ်ဟာ တစ်နှစ်လုံးမှာ မိုးရေချိန်လက်မ ၃၀ ခန့် မိုးရွာရက်က ရက်ပေါင်း ၆၀ ခန့်ပဲရှိပြီးတော့ အခုကာလမှာဆိုရင် နေ့အပူချိန်ဟာ ၄၀ ဒီဂရီစင်တီဂရိတ်အထက်ကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် ရွာပေါင်း ၂၄၆ ရွာရှိတဲ့အနက် ကျေးရွာကိုးရွာမှာဆိုရင် သောက်သုံးရေရှားပါးပြတ်လပ်မှု အခက်အခဲစပြီးတော့ ကြုံတွေ့နေရပါတယ်။ ဒီအတိုင်းနေ့အပူချိန်ဆက်လက်မြင့်မားလာနိုင်တာကြောင့် နောက်ထပ်ကျေးရွာ ၆၂ ရွာမှာ သောက်သုံးရေရှားပါးပြတ်လပ်မှုကြုံတွေ့လာနိုင်ပါတယ်။ ဒီကျေးရွာတွေကို လက်ရှိမှာ ရေကိုကားနဲ့နေ့စဉ်ပို့ဆောင်နေရပြီးတော့ စက်ရေတွင်းတူးဖော်ပေးခြင်း၊ ရေသိုလှောင်နိုင်အောင် ကန်ပြုလုပ်ပေးခြင်းတို့ လိုအပ်

မှာဖြစ်ပါတယ်။ ဒီလိုမဆောင်ရွက်နိုင်သေးခင်မှာတော့ သောက်သုံးရေပြတ်လပ်တဲ့ရွာတွေကို ရေပို့ဆောင်နိုင်အောင် ရေသယ်ယာဉ်များနဲ့ စက်သုံးဆီလိုအပ်မှာဖြစ်ပါတယ်။

အယ်လ်နီညိုကြောင့် ပူပြင်းခြောက်သွေ့ကာ မြေအစိုဓာတ်နည်းလာတာကြောင့် သီးနှံစိုက်ခင်းတွေပျက်စီးခြင်း၊ အထွက်နှုန်းလျော့နည်းခြင်းတို့ ကြုံတွေ့နေရပြီးတော့မှ စီးပွားရေးအရထိခိုက်မှုနှင့် သီးနှံဈေးနှုန်းတွေလည်း တက်လာနိုင်ပါတယ်။ ကျန်းမာရေးဆိုင်ရာအနေနဲ့ အပူဓာတ်ကြောင့် အပူရှပ်ခြင်း စတာတွေဖြစ်လာနိုင်ပါတယ်။ မနှစ်က ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာဆိုရင် အပူဒဏ်ကြောင့် အသက်ဆုံးရှုံးတဲ့သူ ရာဂဏန်းလောက်ရှိတယ်လို့ သိရှိရပါတယ်။ အသိပညာပေးခြင်းနှင့် ဆေးရုံများမှာ ကြိုတင်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အယ်လ်နီညိုကြောင့် မီးဘေးအန္တရာယ်ပိုမိုဖြစ်ပေါ် လာနိုင်သလို ပြီးခဲ့တဲ့လက ကျွန်တော်တို့ ရမည်းသင်းမြို့မှာ မီးလောင်ဆုံးရှုံးမှုတစ်ကြိမ် ကြုံတွေ့ရပြီးလည်းဖြစ်ပါတယ်။ မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာတွေကို စိစစ်ဖြည့်တင်းဖို့လည်း လိုအပ်ပါတယ်။ မီးဘေးလုံခြုံရေးမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိအောင် လှုံ့ဆော်ခြင်း၊ ပညာပေးစည်းရုံးခြင်းတို့ကို ထိထိရောက်ရောက်ပြုလုပ်ဖို့နဲ့ မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက် တွေထုတ်ပြန်ပြီးတော့ သတ်မှတ်ချက်နှင့်အညီ စစ်ဆေးကြပ်မတ်ကာ လိုက်နာမှုမရှိရင် သတိပေးခြင်း၊ အရေးယူခြင်းတို့ကိုလည်းပဲ စဉ်ဆက်မပြတ် ထိထိရောက်ရောက်ဆောင်ရွက်ရန်လိုအပ်ပါတယ်။ အယ်လ်နီညိုရဲ့ သက်ရောက်မှုဒဏ်ကိုရင်ဆိုင်တဲ့နေရာမှာ သဘာဝအရ ပထဝီအနေအထားတည်ရှိမှုအရ ရှောင်လွှဲလို့မရနိုင်ပေမယ့် အကောင်းဆုံးရင်ဆိုင်ဖြတ်ကျော်နိုင်အောင် အရန်သင့်ဖြစ်မှုအပိုင်းကို ဘက်စုံထောင့်စုံက ပြင်ဆင်စီမံပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အောင်အောင်မြင်မြင်နဲ့ဖြတ်ကျော်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ရာစုနှစ်အတွင်းမှာ အားကောင်းဆုံးဖြစ်တဲ့ အယ်လ်နီညိုကြောင့် မကြာခင် ရောက်လာမယ့်နွေရာသီဟာ အပူရှိန်ပြင်းထန်မယ်။ မုတ်သုံလေအဝင်နောက်ကျပြီးတော့ မုတ်သုံလေအားနည်းမယ်လို့ မိုးလေဝသသတင်းအချက်အလက်တွေအရ ကျွန်တော်တို့ သိရှိရပြီးဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်ကာကွယ်မှုတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ဆောင်ရွက်ထားရှိမှုတွေကိုလည်း မြင်တွေ့နေရပါတယ်။ လက်တွေ့ကျကျဘယ်လောက်ထိထိ ရောက်ရောက်အကောင်အထည်ဖော်နေပြီလဲဆိုတာကို ပြန်ပြီးတော့ သုံးသပ်ဆန်းစစ်ကြရမှာဖြစ်ပါတယ်။ ဖြစ်ပေါ်လာနိုင်တဲ့ ထိခိုက်ဆုံးရှုံးနိုင်မှုတွေ၊ နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ ပြဿနာတွေ၊ ဆိုးကျိုးတွေကြောင့် ဆုံးရှုံးမှုပမာဏမကြီးမားအောင် ထိခိုက်မှုအနည်းဆုံးနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်အောင် ထိရောက်ပြီးတော့

မူကြမ်း

လက်တွေ့ကျတဲ့စီမံချက်ကို အမျိုးသားရေးအသွင်နဲ့ ကြိုတင်ပြင်ဆင်မှုတွေ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ဖို့ အရေးတကြီးလိုအပ်နေပါတယ်။ ပြည်ထောင်စုအစိုးရဟာ ထိထိရောက်ရောက်စီမံဆောင်ရွက်သလို အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ပြည်သူတွေ၊ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေအားလုံးပူးပေါင်းလက်တွဲပြီးတော့မှ အကောင်းဆုံး အောင်အောင်မြင်မြင် ရင်ဆိုင်ဖြတ်ကျော်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုစွမ်းအားကို ရရှိအောင် နိုးဆော်ခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ အသိပညာပေးခြင်းတို့ကို ကျေးရွာများထိရောက်ရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့် မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းတဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်မှာ ဖြစ်ပေါ်လာမယ့် အယ်လ်နီညို(El Nino)အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းဖြစ် ပေါ်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးလေးနက်နက်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးနှင့် ရောက်ရှိလာတဲ့ ကိုယ်စားလှယ်အားလုံး၊ ဧည့်သည်တော်များအားလုံး လေးစားပါတယ်။ ကျွန်တော်ကတော့ မြောက်ဦးမဲဆန္ဒနယ်က ဦးဦးလှစောပါ။ ဒေါက်တာမောင်သင်းရဲ့ အဆိုကို ဖြည့်စွက်ဆွေးနွေးပါမယ်။ အယ်လ်နီညိုပြဿနာဟာ တိုင်းပြည်နှင့် ပြည်သူတစ်ရပ်လုံးအတွက် အင်မတန်ကြီးမားတဲ့ အမျိုးသားရေးစိန်ခေါ်ကြီးမှုတစ်ရပ်ဖြစ်ပါတယ်။ ဒေါက်တာမောင်သင်းက အုပ်ချုပ်ရေးအာဏာကိုရယူထားတဲ့ တာဝန်အရှိဆုံး ပြည်ထောင်စုအစိုးရကို တိုက်တွန်းပါတယ်။ ပြည်ထောင်စုအစိုးရဆိုတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ အချိန်တိုတိုလေးအတွင်းမှာ သက်တမ်းကုန်ဆုံးတော့မယ့် ပြည်ထောင်စုအစိုးရအပြင် မကြာခင်အချိန်မှာ အာဏာလွှဲပြောင်းယူတော့မယ့် ဒီမိုကရေစီပြည်ထောင်စုအစိုးရအသစ်အနေနဲ့လည်း ဒီအမျိုးသားရေးတာဝန်ကြီးကို ရဲရဲရင့်ရင့်ပြတ်ပြတ်သားသားဦးဆောင်ဖို့ ကျွန်တော်ထပ်လောင်းဖြည့်စွက်ပါတယ်။ ကျွန်တော်ဟာ ရခိုင်တစ်ယောက်ဖြစ်တဲ့အတွက် ဒီကိစ္စနှင့်ပတ်သက်ပြီး ရခိုင်ပြဿနာကို နည်းနည်းဆွေးနွေးပါမယ်။ ကျွန်တော်တို့ရခိုင်ဟာ ကျွန်တော်တို့ ငယ်ငယ်တုန်းက မိုးရေချိန်လက်မ ၂၀၀ ကျော်ရွာသွန်းပါတယ်။ အခုတော့ မိုးရေချိန်လက်မ ၂၀၀ ပါ။ ဒါပေမယ့် ကျွန်တော်တို့ ရခိုင်မှာ ဆည်မြောင်း

တာတမံတော့ လုံးဝမရှိပါဘူး။ စက်မှုလက်မှုမဖွံ့ဖြိုးပါဘူး။ အဲဒီတော့ ကျွန်တော်တို့ရဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဟာ သဘာဝမိုးကို လုံးဝအားကိုးမှီခိုနေရပါတယ်။ ကျွန်တော်တို့ ကျေးလက်တောရွာပြည်သူအားလုံးဟာ သဘာဝကန်ရေ၊ ရေတွင်းရေကန်တွေကို အားကိုးရပါတယ်။ ကမ္ဘာကြီးရဲ့ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်အပူချိန်မြင့်လာမှုတွေကြောင့် ရေတွင်း၊ ရေကန်တွေ ပျက်စီးဆုံးရှုံးလာမှုတွေဟာ ပိုမိုများပြားလာခဲ့ပါတယ်။ ကျွန်တော်တို့ နွေရာသီရောက်တိုင်း အဲဒီပြဿနာကို ကြီးကြီးမားမားကြုံတွေ့ရပါတယ်။ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်မှာ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မြန်မာပြည်အနှံ့အပြားမှာ မိုးကြီးပြီးတော့ ရေလွှံမှုတွေကြောင့် သဘာဝဘေးအန္တရာယ်တွေကို အများကြီးကြုံခဲ့ရပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ရေတွင်း၊ ရေကန် ၅၀ ရာခိုင်နှုန်းဟာ ပျက်စီးခဲ့ပါတယ်။ ပြုပြင်ထိန်းသိမ်းပြီးတော့ အသစ်ဖော်ထုတ်တာ တွေလည်း မရှိပါဘူး။ အဲဒီတော့ အယ်လ်နီညိုပြဿနာနှင့်ဆက်စပ်ပြီးတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မိုးရေချိန်လက်မ ၅၀ ရာခိုင်နှုန်းလျော့ကျသွားလိမ့်မယ်လို့ ကမ္ဘာ့မိုးလေဝသအစီရင်ခံစာ ထဲမှာဖော်ပြထားတာကို ဒေါက်တာမောင်သင်းက တင်ပြထားပါတယ်။ ဒါဟာ အင်မတန်စိုးရိမ်စရာ ကောင်းတဲ့ သဘာဝခြိမ်းခြောက်မှုတစ်ခုပါပဲ။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွက်သာမက မြန်မာပြည်တစ်ခုလုံးလည်း စိုးရိမ်စရာကောင်းပါတယ်။ မိုးခေါင်ရေရှားမှုကြောင့်ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲ ပြဿနာတွေဟာ မတွေးဝံ့စရာဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်နှင့် မြန်မာတစ်ပြည်လုံးမှာ ကပ်ဆိုးကြီးကျရောက်နိုင်တယ်ဆိုတဲ့ အချက်ပေးခေါင်းလောင်းသံကြီးထိုးနေပါပြီ။ နုနယ်သေးတဲ့ မြန်မာ့ဒီမိုကရေစီအပြောင်းအလဲအတွက် ကြီးမားတဲ့နိုင်ငံရေးစိန်ခေါ်မှုကြီးတစ်ခုဖြစ်လာပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံမှာ သယံဇာတပေါပါတယ်။ သစ်တောတွေပေါပါတယ်။ ဒါပေမယ့် သဘာဝတရားရဲ့ ကောင်းမြတ်တဲ့ လက်ဆောင်တွေကို ကျွန်တော်တို့ ပြည်သူတွေမခံစားခဲ့ရပါဘူး။ သဘာဝတရားကြီးက ပေးလာတဲ့ ဒဏ်ခတ်တဲ့လက်ဆောင်တွေကိုတော့ ကျွန်တော်တို့ပြည်သူတွေက ဟိုးအရင်နှစ်ပေါင်းများစွာမှာ ခံစားခဲ့ရပါတယ်။ နာဂစ်လို အဖြစ်ဆိုးမျိုးကိုတော့ ကျွန်တော်တို့ ဒီမိုကရေစီခေတ်ဦးမှာ မတွေ့လို၊ မမြင်လို၊ မကြားလိုပါ။ အပြောင်း အလဲမျှော်ကိုးနေတဲ့ ပြည်သူတွေအတွက် ကြုံတွေ့ရမယ့် ဒုက္ခလှိုင်းဟာ စိုးရိမ်ရေမှတ်ကို ကျော်လွန်သွားမှာကိုလည်း စိုးရိမ်မိပါတယ်။ ဒါကြောင့် လက်ရှိအစိုးရအနေနဲ့သော်လည်းကောင်း၊ နောင်အစိုးရအသစ်အနေနဲ့သော်လည်းကောင်း အလေးအနက်စဉ်းစားပြီး ဝန်ကြီးဌာနများ၊ ကျွမ်းကျင်သူပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများပူးပေါင်းကာ အစီအမံကောင်းတွေကို ချမှတ်ဖို့လိုပါ

တယ်။ ဒါမှသာ ဒီမိုကရေစီအစိုးရသစ်ဟာ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ကြုံတွေ့လာမယ့် အခက်အခဲတွေကို ကြံ့ကြံ့ခံကျော်လွှားသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒေါက်တာမောင်သင်းရဲ့ အဆိုကို ကျွန်တော်ထောက်ခံပါတယ်။ လေးစားပါတယ်။ (သြဘာသံများ)

**အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါ့မယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောကြားပေးစေလိုပါတယ်။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်မှာ အယ်လ်နီညိုသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ် စီမံဆောင်ရွက်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့် ပတ်သက်ပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ သဘောထားကို ကျွန်တော်က ပြန်လည်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရန်နှင့် အချိန် မိနစ် ၂၀ ခန့်ပေးပါရန် ကြိုတင်တင်ပြအပ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မိုးလေဝသအခြေအနေ၊ မြစ်ရေအခြေအနေနှင့် သဘာဝဘေးအန္တရာယ်အခြေအနေများကို စောင့်ကြည့်မှတ်တမ်းတင်ခန့်မှန်းပြီးတော့ အများပြည်သူများသိရှိအောင် ထုတ်ပြန်ကြေညာခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူပဲ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတော့ အမျိုးသားရေအရင်းအမြစ်ကော်မတီရဲ့ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက်ပြီးတော့ အဆိုတင်သွင်းတဲ့ ဒေါက်တာမောင်သင်းက ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ရှင်းလင်း တင်ပြခွင့်ပြု

ပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ အယ်လ်နီညိုဖြစ်စဉ်ဆိုတာကတော့ အီကွေတာအနီး ပစိဖိတ်သမုဒ္ဒရာမှာ ပင်လယ်ရေမျက်နှာပြင်အပူချိန်ပုံမှန်ထက် ပိုမိုပူနွေးခြင်းကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ အီကွေတာရဲ့ တောင်/မြောက် ငါးဒီဂရီလတ္တီကျူအတွင်းမှာ ပစိဖိတ်သမုဒ္ဒရာရဲ့ အရှေ့ပိုင်းဒေသတွေမှာ ပုံမှန်မဟုတ်တဲ့ ပင်လယ်ရေမျက်နှာပြင် အပူချိန်များ ပူနွေးလာမှုကို အယ်လ်နီညိုဟု စပိန်ဘာသာနဲ့ ခေါ်ဆိုပြီးတော့ အဓိပ္ပာယ်ကတော့ Child Jesus ဖြစ်ပါတယ်။ လာနီညာ(La Nina)ကတော့ ပင်လယ်ရေမျက်နှာပြင် အပူချိန်များပုံမှန်ထက်အေးမြတဲ့ အခြေအနေကို ခေါ်တာဖြစ်ပါတယ်။ Girl Child လို့ အဓိပ္ပာယ်ရပါတယ်။ ပင်လယ်ရေမျက်နှာပြင် အပူချိန်များပုံမှန်ထက် ပူနွေးတဲ့အပြောင်းအလဲကို အခြေခံပြီးတော့ အယ်လ်နီညို ပြင်းအားအဆင့်ကို သတ်မှတ်ကြပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများမှာ အယ်လ်နီညို ဖြစ်စဉ်အားအကောင်းဆုံးအဆင့်ကို ရောက်အောင် ပူနွေးခဲ့တဲ့ အီကွေတာအနီးမှာရှိတဲ့ အပူပိုင်းပစိဖိတ် သမုဒ္ဒရာ အရှေ့အလယ်ပိုင်းရဲ့ ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလရဲ့ အစောပိုင်းရက်များမှစပြီးတော့ အားအလွန်ကောင်းတဲ့ အယ်လ်နီညိုအဆင့်မှာ ဆက်လက်တည်ရှိနေပါတယ်။ ခန့်မှန်းချက်များအရ ဒီအယ်လ်နီညိုဖြစ်စဉ်ဟာ တစ်ဖြည်းဖြည်းအားလျော့ပြီးတော့ သုံးလေးလခန့်အထိ ဆက်လက်ဖြစ်ပေါ်နိုင်သော်လည်းပဲ ၂၀၁၆ ခုနှစ် ဇွန်လနောက်ပိုင်းမှသာ ပုံမှန်ဖြစ်စဉ်ကို ပြန်လည်ရရှိနိုင်မှာဖြစ်ကြောင်း နိုင်ငံတကာမိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများက ထုတ်ပြန်အသိပေးထားပါတယ်။ လက်ရှိ အယ်လ်နီညိုအခြေအနေကတော့ Nino 3.4 Regionတဲ့ တောင်/မြောက်လတ္တီကျူ ငါးဒီဂရီနဲ့ အနောက်လောင်ဂျီကျူ ၁၂၀.၁၇၀ ဒီဂရီအတွင်းမှာ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့က သမုဒ္ဒရာပင်လယ်ပြင်ရေမျက်နှာပြင်အပူချိန် ၅.၄ ဒီဂရီဖာရင်ဟိုက်တက်ခဲ့ပြီးတော့ ၁၉၉၇ ခုနှစ်က ဒီအချိန်မှာ ငါးဒီဂရီ ဖာရင်ဟိုက်သာကျော်လွန်ခဲ့ကြောင်း နာဆာမှ ရာသီဥတုပညာရှင် Mr.Bill Patzert က ပြောကြားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာရှိတဲ့ အယ်လ်နီညိုဟာ ၁၉၉၇ ခုနှစ်ထက် ပိုနွေးကြောင်း ပြောကြားခဲ့ပါတယ်။ NOAA ရဲ့ ထုတ်ပြန်ချက်မှာတော့ ၁၉၉၇-၁၉၉၈ မှာရှိတဲ့ အယ်လ်နီညို အညွှန်းကိန်း ၂.၃ အတိုင်းပဲ ဒီအချိန်မှာလည်း ၂.၃ အနေနှင့် ဖော်ပြထားပါတယ်။ ဒီအယ်လ်နီညိုရဲ့ သက်ရောက်မှုအနေနဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာ ပုံမှန်ထက်ပူပြင်းခြောက်သွေ့မယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိအနေနဲ့ကတော့ အရှေ့မြောက်မုတ်သုံရာသီ(ဆောင်းရာသီ)ကာလဖြစ်တဲ့အတွက် အယ်လ်နီညိုရဲ့ သက်ရောက်မှုက မတ်လဆန်းလောက်အထိ ကောင်းစွာသက်ရောက်မှုမရှိနိုင်သေးပါကြောင်း၊ ဒါပေမဲ့ အင်အားကောင်းတဲ့ အယ်လ်နီညိုနှစ်တွေဖြစ်တဲ့ ၁၉၈၂-၁၉၈၃ နှင့် ၁၉၉၇-၁၉၉၈

တွေမှာ ပူပြင်းခြောက်သွေ့သလို အခုလာမယ့် နွေရာသီမှာလည်း ပူပြင်းခြောက်သွေ့မယ်လို့ နိုင်ငံတကာ မိုးလေဝသအေဂျင်စီတွေက ခန့်မှန်းထားပါတယ်။

လေထုနှင့်ပင်လယ်သမုဒ္ဒရာတို့၏ အပြန်အလှန်သက်ရောက်မှုဖြစ်စဉ်က ရာသီဥတုအပေါ် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေပါတယ်။ အယ်လ်နီညိုနှစ်များမှာ ပင်လယ်ရေမျက်နှာပြင် အထက် လေတိုက်ခတ်ပုံက ပုံမှန်နှစ်များမှာ တိုက်ခတ်လေ့ရှိတဲ့ လေစီးကြောင်းများနှင့်မတူဘဲနဲ့ ပြောင်းလဲသွားတာကို ပုံမှာတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်တဲ့အတွက် လေစီးကြောင်းများ ပြောင်းလဲတိုက်ခတ်မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ မိုးလေဝသဖြစ်စဉ်နှင့် ရာသီဥတုများဟာလည်း ပြောင်းလဲသွားပါတယ်။ အထက်လေထု တိုက်ခတ်ပုံပြောင်းလဲသွားတဲ့အတွက် ပုံမှန်မိုးနည်းတဲ့ နေရာတွေမှာ မိုးများခြင်း၊ မိုးများမယ့်နေရာတွေမှာ မိုးနည်းပြီးတော့ မိုးခေါင်မှုဖြစ်စေခြင်း၊ အောက်သက် လေစီးကြောင်းများ တိုက်ခတ်တဲ့ဒေသတွေမှာ တိမ်ဖြစ်ထွန်းမှုနည်းပြီးတော့ နေ့အပူချိန်မြင့်မားကာ ပူပြင်းခြောက်သွေ့မှုဖြစ်ပေါ်ခြင်း၊ ပင်လယ်ရေပူနွေးမှုကြောင့် အားကောင်းသော အပူမုန်တိုင်းများ ဖြစ်ပေါ်ခြင်းစသည်တို့က ဖြစ်ပေါ်လာနိုင်ပါတယ်။ ပုံမှန်အားဖြင့် အယ်လ်နီညိုဖြစ်စဉ်ဟာ နှစ်တစ်နှစ် ရဲ့ပထမလေးလပတ်နှင့် ဒုတိယလေးလပတ်အတွင်းမှာ အားလျော့သွားပြီးနောက် ပုံမှန်(Neutral) အခြေအနေ သို့မဟုတ် အယ်လ်နီညို၏ ဆန့်ကျင်ဘက်ဖြစ်စဉ်ဖြစ်တဲ့ လာနီညာ(La Nina) အခြေအနေကို ပြောင်းသွားလေ့ရှိပါတယ်။ ဒါပေမဲ့ တချို့ဒေသတွေမှာ အယ်လ်နီညိုဖြစ်စဉ် အားပျော့သွားတဲ့ အချိန်ကာလရောက်ရှိမှသာလျှင် အယ်လ်နီညိုရဲ့ အကျိုးသက်ရောက်မှုဖြစ်တဲ့ အားကောင်းတဲ့မုန်တိုင်းတွေဖြစ်ပေါ်ခြင်း၊ မိုးရွာသွန်းမှုပုံမှန်မဟုတ်ခြင်း၊ မိုးရွာသွန်းမှုလျော့နည်းခြင်း (မိုးခေါင်ခြင်း)၊ ပူပြင်းခြောက်သွေ့ခြင်းစတဲ့ အယ်လ်နီညိုရာသီဥတုကို ခံစားရလေ့လည်း ရှိတတ်ပါ တယ်။ ၁၉၀၀ ပြည့်နှစ်မှစပြီးတော့ လေ့လာထားတဲ့မှတ်တမ်းတွေအရ အယ်လ်နီညိုဖြစ်စဉ် ၂၆ ကြိမ် ရှိခဲ့ရာ အယ်လ်နီညိုဖြစ်ပြီးတဲ့နောက် ၅၀ ရာခိုင်နှုန်းဟာ ပုံမှန်အခြေအနေဖြစ်ခဲ့ပြီးတော့ ၄၀ ရာခိုင်နှုန်း ဟာ လာနီညာ(La Nina) အခြေအနေဖြစ်ခဲ့ကြောင်း ၂၀၁၆ ခုနှစ် ဒုတိယနှစ်ဝင်ကာလတွင် ဖြစ်ပေါ် နိုင်သည့် ပုံမှန်ဖြစ်စဉ်နှင့် လာနီညာ(La Nina) ဖြစ်စဉ် ဖြစ်ပေါ်လာမယ့်အခြေအနေသည် ညီတူညီမျှ ဖြစ်နေကြောင်း ဩစတြေးလျမိုးလေဝသဌာနက ခန့်မှန်းထားပါတယ်။

ဒီအားကောင်းတဲ့ အယ်လ်နီညိုနှစ်တွေမှာ မြန်မာနိုင်ငံကြုံတွေ့ခံစားခဲ့ရတဲ့ အပူချိန်စံချိန်သစ် တင်နဲ့ပတ်သက်ပြီးတော့ ၁၉၈၃ ခုနှစ် နေ့အပူချိန် စံချိန်ကိုကျိုးခဲ့တဲ့ စခန်းများကို တင်ပြထားပါတယ်။ ၁၉၉၈ ခုနှစ် နေ့အပူချိန်စံချိန်ကျိုးခဲ့တဲ့ စခန်းများကို ဆက်လက်တင်ပြထားပါတယ်။ နောက်

မူကြမ်း

ကျွန်တော်တို့ ၂၀၁၀ ခုနှစ် နေ့အပူချိန်စံချိန်ကျိုးခဲ့တဲ့စခန်းများကို ဆက်လက်တင်ပြထားပါတယ်။ အယ်လ်နီညိုနဲ့ မြန်မာနိုင်ငံအပေါ် မြန်မာနိုင်ငံရဲ့ရာသီဥတုအပေါ် ဆန်းစစ်တင်ပြသွားပါတယ်။ ကိုလံဘီယာတက္ကသိုလ်မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာရာသီဥတုနဲ့ လူမှုဆိုင်ရာသုတေသနအဖွဲ့က နေပြီးတော့ အယ်လ်နီညိုနှစ်များမှာ ကမ္ဘာနိုင်ငံအသီးသီးရဲ့ရာသီဥတုအခြေအနေဆန်းစစ်ချက် ပုံမှန် စွတ်စိုခြောက်သွေ့စတာတွေကို ၁၉၅၀ ကနေ ၂၀၀၂ ခုနှစ်ထိ မှတ်တမ်းများအပေါ် အခြေခံတွက်ချက် မှုတွေအရ အယ်လ်နီညိုနှစ်များမှာ မြန်မာနိုင်ငံရဲ့ နွေရာသီကာလ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလ များမှာ စွတ်စိုအခြေအနေကို မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ ကချင်ပြည်နယ်မှာ ဖြစ်ပေါ်နိုင် ပြီးတော့ ဖြစ်နိုင်စွမ်းအနေနဲ့ ၄၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ကျန်ဒေသတွေမှာ ဖြစ်နိုင်စွမ်းလျော့နည်းကြောင်း တွေ့ရပါတယ်။ ပုံမှန်အခြေအနေကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း)တို့မှာ ဖြစ်ပေါ်နိုင်ပြီးတော့ ဖြစ်နိုင်စွမ်း ၄၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ကျန်ဒေသတွေမှာတော့ ဖြစ်နိုင်စွမ်း လျော့နည်းကြောင်း တွေ့ရပါတယ်။ ခြောက်သွေ့အခြေအနေကိုတော့ မြန်မာနိုင်ငံ(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တွေမှာလည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ တွေဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမှာလည်းကောင်း၊ မြစ်ဝကျွန်းပေါ် ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးများမှာလည်းကောင်း၊ တောင်ပိုင်းဒေသ တွေဖြစ်တဲ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသများမှာလည်းကောင်း ဖြစ်ပေါ် နိုင်ပြီးတော့ ဖြစ်နိုင်စွမ်းအနေနဲ့ ၇၀ ရာခိုင်နှုန်းကနေ ရာနှုန်းပြည့်အထိရှိကြောင်း တွေ့ရှိရပါတယ်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ မြန်မာနိုင်ငံရဲ့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဖြစ်ပေါ်ခဲ့တဲ့ ရာသီဥတုအခြေအနေတွေကို လေ့လာကြည့်မယ်ဆိုရင် မိုးရွာသွန်းမှု အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တွေမှာ ရွာသွန်းမြဲထက် ပိုခဲ့ပြီးတော့ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ရွာသွန်းမြဲအောက် လျော့တာကို တွေ့ရှိခဲ့ရပါ တယ်။ ဒီဇင်ဘာလမှာ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းဖြစ်ပေါ်မှု နည်းပါးခဲ့ပြီးတော့ မိုးရေချိန်ရရှိတဲ့ပမာဏမှာလည်း လွန်စွာနည်းပါးခဲ့ပါတယ်။ ညအပူချိန်အခြေ အနေများမှာလည်း တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှာ ဒီဇင်ဘာလရဲ့ ပျမ်းမျှအပူချိန်ထက် အနည်းငယ်ပိုခဲ့ပြီးတော့ ကျန်ဒေသကြီးနှင့် ပြည်နယ်တို့မှာ ဒီဇင်ဘာလရဲ့ ပျမ်းမျှအပူချိန်ခန့်ထိရှိ ခဲ့တဲ့အတွက် ပူနွေးတဲ့ အခြေအနေဖြစ်ပေါ် ခဲ့တာကို တွေ့ရှိရပါတယ်။

၂၀၁၆ ခုနှစ် နွေရာသီကာလ မတ်လ၊ ဧပြီလ၊ မေလ သုံးလအတွက် မိုးရေချိန်ခန့်မှန်းချက်တွေအရ မိုးရွာသွန်းမှုအနေနဲ့ မြန်မာနိုင်ငံမြောက်ပိုင်းဒေသဖြစ်တဲ့ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွေမှာ ရွာသွန်းမြဲခန့် မိုးရွာနိုင်သော်လည်း ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ရွာသွန်းမြဲအောက် မိုးလျော့နည်းနိုင်ပါတယ်။ ရွာသွန်းမြဲအောက် လျော့နည်းမှု ၄၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်း သေချာတဲ့ဒေသတွေကတော့ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးဖြစ်ပြီးတော့ ၅၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်း သေချာတဲ့ဒေသတွေကတော့ နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးဖြစ်ပြီးတော့ ၆၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်း သေချာတဲ့ဒေသတွေကတော့ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ပါတယ်။ နေ့အပူချိန်တွေအနေနဲ့ တစ်ပြည်လုံးမှာ ပျမ်းမျှအပူချိန်ထက် ပိုနိုင်ပါတယ်။ ပုံမှန်အပူချိန်ထက်ပိုနိုင်မှု ၄၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်း သေချာတဲ့ဒေသတွေကတော့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)တို့ဖြစ်ပြီးတော့ ၈၀ ရာခိုင်နှုန်းနှင့်အထက် သေချာတဲ့ ဒေသတွေကတော့ နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ (အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားရေးမှူးဦးစီးဌာနအနေနဲ့ မိုးလေဝသနှင့် ဇလဗေဒအခြေအနေတွေကို နေ့စဉ်တိုင်းထွာပြီးတော့ နေ့စဉ်မိုးလေဝသခန့်မှန်းချက် ၁၀ ရက်ပတ် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် လစဉ်ခန့်မှန်းချက်များနှင့် ရာသီဥတုအလိုက်ခန့်မှန်းချက်တွေကို ထုတ်ပြန်ပေးလျက်ရှိပါတယ်။

၂၀၁၅-၂၀၁၆ မှာဖြစ်ပေါ်လျက်ရှိတဲ့ အင်အားကောင်းတဲ့ အယ်လ်နီညိုအခြေအနေနှင့် ပတ်သက်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့ ဖြစ်စဉ်တွေကတော့ ဇန်နဝါရီလ ၉ ရက်နေ့မှာ မြန်မာ့အလင်းသတင်းစာမှာ ကျော်လွင့်ဦး(မိုးဇလ)ရဲ့ အယ်လ်နီညိုနဲ့ ၂၀၁၆ ခုနှစ် နွေရာသီသုံးသပ်ချက်ဆောင်းပါးကို ရေးသားဖော်ပြခဲ့ပါတယ်။ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ အယ်လ်နီညိုအခြေအနေနဲ့ နွေရာသီဆိုင်ရာသုံးသပ်ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာန မီဒီယာသဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာအဖွဲ့အစည်းတွေကို ဖြန့်ဝေပေးခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာ မြန်မာ့

အလင်းသတင်းစာမှာ လှထွန်း(မိုးဇလ)ရဲ့ ၂၀၁၆ ခုနှစ် အယ်လ်နီညိုအခြေအနေနဲ့ နွေရာသီကာလများမှာ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်လာနိုင်တဲ့ ရာသီဥတုအခြေအနေသုံးသပ်ချက်တွေကို ရေးသားဖော်ပြခဲ့ပါတယ်။ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနအထက် မြန်မာပြည်က စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်းပြီးတော့ ၂၀၁၆ ခုနှစ် ဖော်ဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်နေ့များမှာ ငါန်းဇွန်၊ နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာ၊ ရမည်းသင်း၊ ပျော်ဘွယ်၊ အမရပူရနှင့် ပုသိမ်ကြီးမြို့နယ်တွေမှာ အယ်လ်နီညိုဆိုင်ရာအသိပညာပေး ဟောပြောခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ထို့နောက် နော်ဝေးနိုင်ငံ အထောက်အပံ့နဲ့ အာရှသဘာဝဘေးအန္တရာယ် ကာကွယ်ရေးဗဟိုဌာနနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ El Nino Out look Forum ကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့က နေပြည်တော်မှာ ကျင်းပခဲ့ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာန INGO၊ NGO စတဲ့အဖွဲ့အစည်းတွေက တက်ရောက်ခဲ့ပြီးတော့ ၂၀၁၆ ခုနှစ်၊ မတ်၊ ဧပြီနှင့်မေလတို့မှာဖြစ်ပေါ်လာနိုင်တဲ့ ရာသီဥတုအခြေအနေကို သက်ဆိုင်ရာအလိုက် ကြိုတင်ဆောင်ရွက်ထားမှုတွေကို ဆွေးနွေးခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာတော့ အယ်လ်နီညိုအခြေအနေနဲ့ နွေရာသီဆိုင်ရာသုံးသပ်ချက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာန၊ မီဒီယာ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာအဖွဲ့အစည်းတွေကို ဖြန့်ဝေခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလကစပြီးတော့ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် တွေ့ဆုံမေးမြန်းမှုတွေကနေစပြီးတော့ အယ်လ်နီညိုဖြစ်စဉ်တွေကို ကြိုတင်သတိပြုနိုင်စေဖို့ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားအစီအစဉ်တွေမှာလည်း ထည့်သွင်းရိုက်ကူးထုတ်လွှင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက် ဇန်နဝါရီလ ၂၇ ရက်နေ့မှာ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက အရာထမ်းသုံးဦးကလည်း ပြည်သူလူထုပညာပေးအစီအစဉ်ကို မြဝတီရုပ်မြင်သံကြားမှာ ရိုက်ကူးခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားရေသိုလှောင်ရေးလုပ်ရှားမှု အကောင်အထည်ဖော်ဆောင်ရွက်ရန် ဌာနအဖွဲ့အစည်းတွေက ဆောင်ရွက်မယ့်အစီအမံတွေကို ဆက်လက်တင်ပြသွားပါမယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရေအရင်းအမြစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံကဏ္ဍစုံမှာအကျိုးရှိစွာ အသုံးပြုနိုင်စေရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာကိုလွှမ်းခြုံနိုင်တဲ့ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ(NWRC)ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးရဲ့အမိန့်ကြော်ငြာစာအမှတ်(၆၅/၂၃)နှင့် ဖွဲ့စည်းခဲ့ပါတယ်။ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှာ ဒုတိယသမ္မတ(၂)က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပို့ဆောင်ရေး

မှုကြမ်း

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပြီးတော့ အဖွဲ့ဝင်များအဖြစ် ရေနှင့်ဆက်နွယ်တဲ့ ဝန်ကြီးဌာနအဖွဲ့အစည်းတွေက ပြည်ထောင်စုဝန်ကြီး ခြောက်ဦး၊ ဒုတိယဝန်ကြီးနှင့် မြို့တော်ဝန် ခြောက်ဦး၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ကိုယ်စားလှယ်ဝန်ကြီး ၁၄ ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အခြားပုဂ္ဂိုလ်တွေပါဝင်ပါတယ်။ အမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီကို သက်ဆိုင်ရာပညာရှင်ကဏ္ဍမှ ပံ့ပိုးပေးနိုင်မယ့် ကျွမ်းကျင်သူပညာရှင်တွေအဖွဲ့ကိုလည်း ကျွန်တော်တို့ တင်ပြပါအတိုင်း ဆက်လက်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီကျွမ်းကျင်သူအဖွဲ့ ကိုတော့ နောက်ပိုင်းမှာ အကြံပေးအဖွဲ့အနေဖြင့် အမည်ပြောင်းလဲပြီးတော့ ဖွဲ့စည်းခဲ့ပါတယ်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနဲ့ အယ်လ်နီညိုရာသီဥတုရဲ့အကျိုးသက်ရောက်မှု တွေကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲတွေ တွေ့ကြုံလာနိုင်တဲ့အတွက် ရေပြတ်လပ်မှု မရှိစေရေးအတွက် အမျိုးသားရေသိုလှောင်ရေးလှုပ်ရှားမှုကို ဆောင်ရွက်ရန်နှင့် ဆောင်ရွက်မယ့် အစီအမံ တွေကို ပြုစုတင်ပြသွားရန် နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ တင်ပြပါအတိုင်း ကျွန်တော်တို့ ညွှန်ကြားလာတဲ့အတွက်ကြောင့်မို့လို့ ရေနဲ့သက်ဆိုင်တဲ့အဖွဲ့အစည်းတွေက ဆောင်ရွက်မယ့်အစီအမံ တွေကို တင်ပြပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အချိန်ကို ငဲ့ညှာသောအားဖြင့် တင်ပြချက်တွေကို Powerpoint မှာ ဆက်လက်ပြီးတော့ တင်ပြသွားပါမယ်။ အမျိုးသားအဆင့် ရေသိုလှောင်ရေးဆောင်ရွက်မှုတွေကို ကာကွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက် ထားရှိမှုများ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ထားရှိမှုများဖြစ်ပါတယ်။ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်မှုများဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများဖြစ်ပါ တယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းများဖြစ်ပါတယ်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းဖြစ်ပါတယ်။ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများ ဖြစ်ပါတယ်။ ဒီ Powerpoint တွေလည်း ကျွန်တော် စက်ခန်းမှာပေးခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်

ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်နေမှုများနှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်စေရန် ရှင်းလင်းတင်ပြခြင်းဖြစ်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် အစိုးရအဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၏ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညိုအကျိုးသက်ရောက်မှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းဖြေကြားအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေရှားပါးမှုအခက်အခဲအား ဖြေရှင်းနိုင်ရေး ကြိုတင်မျှော်မှန်း၍ မြန်မာနိုင်ငံအနှံ့အပြားတွင် ရရှိနိုင်သည့် ရေအရင်းအမြစ်များကို ဖော်ထုတ်အသုံးချကာ ရေလှောင်တမံများ တည်ဆောက်ခြင်း၊ ဆည်ငယ်၊ ကန်ငယ်များ ပြုပြင်တူးဖော်ခြင်း၊ မြေအောက်ရေရရှိရေးလုပ်ငန်းများနှင့် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိတည်ဆောက်ပြီး ရေလှောင်တမံ ဆည်၊ ကန်နှင့် ရေတံခါး ၁၈၀ ခု၊ မြစ်ရေတင်စခန်း ၁၈၅ ခုနှင့် စက်ရေတွင်း ၂၀၇၆၃ ခုတို့မှ စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ မြန်မာနိုင်ငံ၏ အဓိကစားနပ်ရိက္ခာဖြစ်သည့် မိုးစပါးသီးနှံကို နှစ်စဉ် ဧက ၁၅.၃ သန်းကျော် စိုက်ပျိုးနိုင်မှုအပေါ်တွင် ရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာဧက ၂.၀၂ သန်းရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၃.၂ ရာခိုင်နှုန်းရှိပါတယ်။ မိုးကောင်းသောက်ဧရိယာမှာ ၁၃.၂၈ သန်းဖြစ်ပြီး မိုးစပါးစိုက်ဧရိယာ၏ ၈၆.၈ ရာခိုင်နှုန်းရှိပါတယ်။ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ယနေ့အထိ နွေစပါးဧက ၁.၈ သန်းကျော်

စိုက်ပျိုးခဲ့ပြီး ရာသီကုန်အထိ ဧက ၂.၅ သန်းအထိ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း မျှော်လင့်ပါတယ်။ အဆိုပါ နွေစပါးစိုက်ပျိုးဧရိယာများတွင် အယ်လ်နီညိုသက်ရောက်မှုဖြစ်ပေါ်နိုင်ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့် မိုးကာလအတွင်း ဆည်ရေဝင်ရောက်မှုအပေါ်မူတည်၍ စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ တောင်သူလယ်သမားများ၊ ပြည်သူများနှင့်ပူးပေါင်း၍ ကြိုတင်စီမံကာကွယ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ (က) ဆည်ရေကို အကျိုးရှိထိရောက်စွာ အလေအလွင့်အနည်းဆုံးဖြစ်အောင် ပေးဝေနိုင်ရန်အတွက် ရေပေးတူးမြောင်းစနစ်များ လိုအပ်သလို ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေပေးဝေမှုစနစ်စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ (ခ) ဆည်ရေသိုလှောင်နိုင်မှုပမာဏအရ ချိန်ဆပြီး ဆည်ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းအလိုက် နွေစပါးစိုက်ပျိုးမည့် လျာထားဧကနှင့် ဧရိယာနယ်နိမိတ်သတ်မှတ်ချက်ကို တောင်သူများအား ကြိုတင်အသိပေးခြင်း၊ (ဂ) စိုက်ခင်းများမှပိုလျှံ၍ စီးထွက်လာသော ရေများ ချောင်းများ၊ ရိုးများအတွင်းသို့ အလဟဿစီးဆင်းပြီး ဆုံးရှုံးမှုမရှိစေရန်အတွက် ချောင်းများ၊ ရိုးများအတွင်းတွင် ရေတံခါးများ၊ ယာယီမြေသားတမံများဖြင့် ပိတ်ဆို့ထိန်းသိမ်းသိုလှောင်ခြင်း၊ (ဃ) သောက်သုံးရေပေးဝေသည့် ရေလှောင်တမံများနှင့် ဆည်ကန်များတွင် သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် သက်ဆိုင်ရာဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းစီမံဆောင်ရွက်ခြင်း၊ (င) ရေသုံးစွဲသူတောင်သူများအနေဖြင့် ရေ၏တန်ဖိုးကို သိရှိနားလည်ပြီး စနစ်တကျအကျိုးရှိရှိ၊ အလေအလွင့်နည်းနည်းဖြင့် အသုံးပြုလာနိုင်စေရန်အတွက် အသိပညာပေးဆွေးနွေးခြင်း၊ (စ) ရေကူရေလှောင်တမံများ ဆက်လက်တည်ဆောက်နိုင်ရန် စီမံဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်။

ရေဘေးကာကွယ်ရေး လုပ်ငန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းတာအချိန်မီ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း၊ ဇလွန်မြို့နယ် ဝါးသလကျေးရွာအနီး ဧရာဝတီမြစ်ရေတိုက်စား၍ ကမ်းပြိုမှုကာကွယ်ခြင်းလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် အဖျောက်တာ အထူးပြုပြင်ခြင်းစသော လုပ်ငန်းများကိုလည်း မိုးရာသီရေကြီးမှုမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း အလျဉ်းသင့်၍ တင်ပြအပ်ပါတယ်ခင်ဗျား။ ရေလှောင်တမံများ တည်ဆောက်ထားခြင်းမရှိသော နေရာဒေသများ၊ အထူးသဖြင့် မိုးရွာသွန်းမှုနည်းပါးသောဒေသများတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် အောက်ပါရေသိုလှောင်ဖြန့်ဖြူးသည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ (က) မြေသားမိုးရေသိုလှောင်ကန်များ

တည်ဆောက်သည့်နည်းလမ်း၊ (ခ) မိုးရေများမြေကြီးအတွင်းသို့ ဝင်ရောက်စေ၍ အစိုဓာတ်ကို ကာလအတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းသွားနိုင်သည့်နည်းလမ်း၊ (ဂ) သဘာဝမိုးရေကို သင့်တော်သောနည်းစနစ်များဖြင့် အသုံးပြု၍ ရေသွင်းစိုက်ပျိုးခြင်း နည်းလမ်း၊ (ဃ) စက်ရေတွင်းများတူးဖော်၍ မြေအောက်ရေထုတ်ယူသုံးစွဲသည့်နည်းလမ်း၊ (င) အပူပိုင်းဒေသရှိ မြေအောက်ရေ အခြေအနေပေးသော သဲချောင်းများတွင် မြေအောက်ရေစုကန်များတည်ဆောက်၍ ရေစုဆောင်းဖြန့်ဖြူးသည့်နည်းလမ်း၊ (စ) ရေလေလွင့်နည်းပါး၍ ထိရောက်စွာပေးဝေနိုင်သော ရေအစက်ချစနစ်နှင့် ရေဖျန်းစနစ်တို့ဖြင့် ရေပေးဝေသောနည်းလမ်းများ(Drip & Sprinkler Irrigation) တို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အယ်လ်နီညိုဖြစ်စဉ်သက်ရောက်မှုကြောင့် အများဆုံးထိခိုက်နိုင်မည့် စားနပ်ရိက္ခာထုတ်လုပ်သည့်စိုက်ပျိုးရေးလုပ်ငန်းအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လွန်ခဲ့သောသုံးနှစ်ကတည်းက ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်း၊ သီးနှံအမျိုးအစားပြောင်းလဲစိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ခင်းများထူထောင်ခြင်း၊ စိုက်ပျိုးရေသုံးစွဲမှုလျော့နည်းစေသော သက်တမ်းတိုအထွက်ကောင်းစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်ချိန်ပြောင်းလဲခြင်း၊ စိုက်နည်းစနစ်ပြောင်းလဲခြင်း၊ အစိုဓာတ်ထိန်းသိမ်းနိုင်ခြင်း၊ မြေဆီလွှာကောင်းမွန်စေရန် သဘာဝမြေသြဇာများ ပိုမိုထည့်သွင်းသုံးစွဲခြင်းနည်းလမ်းများကို တောင်သူလယ်သမားများအား စိုက်ပျိုးပြသပညာပေးလျက်ရှိပါတယ်။ အထူးသဖြင့် မိုးနည်းရပ်ဝန်းဒေသဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသတို့တွင် အပူချိန်လွန်ကဲခြင်း၊ မိုးရွာသွန်းမှုပုံမှန်အောက်လျော့နည်းခြင်းတို့ကြောင့် သီးနှံများထိခိုက်ပျက်စီးကြုံတွေ့မှုကို ကျော်လွှားနိုင်ရန် မျိုးပြောင်းလဲခြင်းအနေဖြင့် စပါးသီးနှံတွင် သက်တမ်းတိုစပါးမျိုးဖြစ်သော ရွှေသွယ်ရင်၊ ပုလဲသွယ်၊ ရက် (၉၀)စပါးမျိုး၊ ရက်(၇၀)စပါးမျိုးပြောင်းလဲစိုက်ပျိုးစေခြင်း၊ ပေါ်ဆန်းမွှေးသက်ကြီး ရာသီစပါးမျိုးကို မူလအရည်အသွေး၊ အရသာမပြောင်းဘဲ သက်တမ်းတို၊ သက်တမ်းစပါးအဖြစ် ဗီဇအင်ဂျင်နီယာ(Genetic Engineering) နည်းလမ်းဖြင့် ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ရေငတ်ခံနှင့် ရေအနည်းလိုစပါးမျိုးများဖြစ်သော ရေအနည်းလို-၁၊ ရေအနည်းလို-၂၊ ယာစပါးမျိုးများဖြစ်သော ယာ-၄၊ ယာ-၈၊ မြေပဲသီးနှံတွင် ဆင်းပဒေသာ-၆နှင့် ပင်ပြန့်မြေပဲမျိုးများ ပြောင်းလဲစိုက်ပျိုးလျက်ရှိပါတယ်။

လေးစားအပ်ပါသာ ဥက္ကဋ္ဌကြီးခင်ဗျား။ အပူပိုင်းမိုးခေါင်ရေရှားဒေသ ဆည်ရေသောက်ဧရိယာများတွင် ယခင်စိုက်နေကြ(မိုးစပါး-ပဲမျိုးစုံ-နွေစပါး)ပုံစံမှ နွေစပါးသီးနှံအစား တောင်သူဝင်ငွေရပြီး ရေလိုအပ်မှုနည်းသော နွေနှမ်း၊ နွေပဲတီစိမ်းစသော သီးနှံများပြောင်းလဲစိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ခင်းအနေဖြင့် စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင် သနပ်ခါးနှင့်ယာသီးနှံများ၊ သနပ်ခါးနှင့်ဆင်ရွေးပင်သီးညှပ်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးသကဲ့သို့ မန္တလေးတိုင်းဒေသကြီးတွင် ဇီး၊ သရက်၊ လျှော်ဖြူနှင့်ယာသီးနှံများကို ပြောင်းလဲစိုက်ပျိုးလျက်ရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံတွင် လူကြိုက်များထင်ရှားပြီး ပြည်ပပို့ကုန်ဖြစ်သည့် အပူဒဏ်ခံသစ်သီးဝလံတစ်မျိုးဖြစ်သည့် စိန်တစ်လုံးသရက်ကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တွင် တိုးချဲ့စိုက်ပျိုးလျက်ရှိပါတယ်။ ခြောက်သွေ့သောရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် ရေငတ်ခံမျိုးများ၊ အပူဒဏ်ခံမျိုးများကိုရှာဖွေဖော်ထုတ်ခြင်းနှင့် စိုက်ပျိုးရေချွေတာသုံးစွဲနည်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ရှာဖွေဖော်ထုတ်ပညာပေးပြသလျက်ရှိပါတယ်။ ဥပမာ ဆည်ရေသောက်ဧရိယာများတွင် စပါးစိုက်ပျိုးရာ၌ ရေသုံးစွဲမှုချွေတာစေရေးအတွက် ရေသွင်း/ရေခမ်းစနစ်(Alternate Wet and Dry Method)ကျင့်သုံးခြင်းကို ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိဖြစ်ပေါ်လာနိုင်သည့် အယ်လ်နီညိုရာသီဥတု သက်ရောက်မှုအပေါ် နွေသီးနှံစိုက်ပျိုးထုတ်လုပ်မည့် တောင်သူလယ်သမားများအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နှိုးဆော်ချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ စာစောင်များမှထုတ်ပြန်နှိုးဆော်လျက်ရှိသည့်အပြင် စိုက်ပျိုးပညာပေးရေးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများမှ ကျေးရွာအရောက် လယ်သမားများနှင့်ထိတွေ့၍ ဆောင်ရန်၊ ရှောင်ရန်ကိစ္စများကို ကွင်းဆင်းပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်း နွေစပါးစိုက်ပျိုးဧရိယာများတွင် အယ်လ်နီညိုသက်ရောက်မှုကြောင့်၊ အပူချိန်မြင့်မားမှုကြောင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်မှုမရှိနိုင်သော်လည်း မြန်မာနိုင်ငံအထက်ပိုင်း အထူးသဖြင့် စစ်ကိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများတွင် နွေစပါးရာသီအတွင်း ပန်းပွင့်ချိန်တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်လွန်ပါက အနည်းနှင့်အများ ထိခိုက်မှုရှိနိုင်ပါတယ်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ မထိခိုက်စေရေးအတွက် နည်းပညာသုတေသနလုပ်ငန်းနှင့် တောင်သူပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

မူကြမ်း

သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အယ်လ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေနှင့်သောက်သုံးရေရှားပါးမှုလျော့နည်းစေရန် စီမံဆောင်ရွက်ခြင်းနှင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများအပေါ် ထိခိုက်မှုလျော့နည်းစေရန် နည်းပညာပေးခြင်းလုပ်ငန်းတို့ကို ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုကိုမှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။လေးစားရပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုနှင့်ပတ်သက်ပြီး ကျွန်တော်က ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှာ အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ စတင်ဖွဲ့စည်းခဲ့ပြီးတော့ နိုင်ငံတော်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးရဲ့ ၁၄-၅-၂၀၁၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၃) နဲ့ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီနဲ့ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၃) ဖြင့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်လာမယ့် အခြေအနေမှာ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်သွက်လက်ထိရောက်စွာဆောင်ရွက်ပေးနိုင်ရေးအတွက်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံးရဲ့ ၄-၈-၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် (၅၅/၂၀၁၅)နဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီအဖြစ် အမည်ပြောင်းလဲ ပြောင်းလဲဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ၎င်းကော်မတီမှ ချမှတ်ပေးထားတဲ့ မူဝါဒလုပ်ငန်း

လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၅၆/၂၀၁၅ ဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၈ ပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနဲ့ မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ လေးခုကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားရှိပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့ မြန်မာနိုင်ငံ အမျိုးသားရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲ ရေးလုပ်ငန်းကော်မတီရဲ့အောက်မှာ ဆပ်ကော်မတီရှစ်ခုကိုဖွဲ့စည်းထားရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ လုံခြုံရေးဆပ်ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းရာမှာ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဝန်ကြီးချုပ်မှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုမှာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပြီးတော့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ခရိုင်၊ မြို့နယ်၊ အုပ်ချုပ်ရေးမှူးများဟာ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဥက္ကဋ္ဌများဖြစ်တဲ့အားလျော်စွာ ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များမှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝဘေးဒဏ်ခံစားရသူများအတွက် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခြင်း၊ စခန်းများအတွင်းနေထိုင်သူများရဲ့ စားသောက်ရေးအတွက် လိုအပ်တဲ့အထောက်အပံ့များရရှိအောင်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြန်လည်

ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ NGO၊ INGO များနှင့် ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ ကြီးကြပ်မှုနဲ့လည်း ဆောင်ရွက်လျက်ရှိပါတယ်။ JICA အဖွဲ့ရဲ့ အကူအညီနဲ့ ရပ်/ရွာအခြေပြု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာစီမံခန့်ခွဲခြင်း၊ CBDRM- Community Based Disaster Risk Management လုပ်ငန်းများ တိုးတက်စေရန် ဆောင်ရွက်မှု အနေနဲ့ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ ရပ်ကွက်/ကျေးရွာအုပ်စု သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ များနဲ့ ကျေးရွာလူထုများသို့ Training of Trainer သင်တန်းများကို ဆောင်ရွက်ပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများပြုလုပ်၍ သဘာဝဘေးနှင့် ပတ်သက်သော ဗဟုသုတများ သိရှိစေခြင်း၊ ပြောင်းရွှေ့ရေး အစီအစဉ်မှာ ပါဝင်စေခြင်း၊ ရှေးဦးသူနာပြုနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပြသခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ကိုယ်တိုင်ပါဝင်စေခြင်းတို့ကို လပွတ္တာမြို့နယ်မှာရှိတဲ့ pilot ကျေးရွာများဖြစ်သော လွှစာ၊ ကွကွလေး၊ ရွှေကျွန်းသာကျေးရွာအုပ်စု သုံးခုမှာ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

ဒုတိယအဆင့်အနေဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်မှာ ဆောင်ရွက်ရန်ပြင်ဆင်ထားရှိပြီး တော့ ကမ်းရိုးတန်းဒေသများတစ်လျှောက် ဦးစားပေးအစီအစဉ်ဖြင့် သတ်မှတ်ပြီး ဆက်လက် ဆောင်ရွက်ရေး မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီး ဌာနတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ် များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ မှုခင်းကျဆင်းရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် ဘေးဒဏ်သင့်လူထုအတွင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရေဘေးသင့်သဘာဝဘေးအန္တရာယ်ပြီးဆုံးတဲ့ အချိန်မှာလည်း ဘေးဒဏ်သင့်ပြည်သူများ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီရဲ့ စီမံဆောင်ရွက်မှုဖြင့် လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ တရားဥပဒေစိုးမိုးရေး မှုခင်းကျဆင်း ရေးလုပ်ငန်းများ ထောက်ပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ပေးခြင်း၊ နေ၊ အိမ်၊ လမ်း၊ တံတား တည်ဆောက်ခြင်း၊ လူမှုရေးစောင့်ရှောက်မှုများ စတဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ မီးသတ်ဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးဒဏ်ခံရသော ခရိုင်/မြို့နယ်အတွင်းရှိ ရှာဖွေကယ်ဆယ်ရေးတပ်စုများ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် စုဖွဲ့စေလွှတ်ခြင်း၊ အင်အားထပ်မံလိုအပ်ပါက နီးစပ်ရာ

တိုင်းဒေသကြီး/ပြည်နယ်များမှ ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ တပ်စုအင်အားစုဖွဲ့၍ ထပ်မံစေလွှတ်ခြင်း၊ ဘေးဒဏ်သင့်ဒေသသို့ ရောက်ရှိသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များမှ ဘေးဒဏ်သင့်ပြည်သူများအား ပိုက်စိပ်တိုက်ရှာဖွေကယ်ဆယ်ခြင်း၊ ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြု ပြုစုကုသခြင်း၊ သက်ဆိုင်ရာကျန်းမာရေးအဖွဲ့များသို့ ဆေးဝါးကုသနိုင်ရေးဆက်လက်ပေးပို့ခြင်း၊ ဘေးဒဏ်သင့်သူပြည်သူများကို အမိုးအကာအောက်ရောက်ရှိအောင်ဆောင်ရွက်ပေးခြင်း၊ အရေးပေါ်နားခိုရာနေရာများ၊ ယာယီတဲများဆောက်လုပ်ပေးခြင်း၊ အခြေခံအစားအစာများ၊ အဝတ်အထည်များနှင့် သောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်း၊ ဘေးဒုက္ခသင့်သူများအတွက် အခြေခံအစားအစာများ၊ အဝတ်အထည်နှင့် သောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးခြင်း၊ ဘေးဒဏ်သင့်သူများတွေ့ရှိပါက အလောင်းသယ်ဆယ်တင်ခြင်း၊ ဒေသခံများနှင့်အတူ သေဆုံးသူများအား အတည်ပြုခြင်း၊ စနစ်တကျ သင်္ဂြိုလ်နိုင်ရန် ဆောင်ရွက်ခြင်း၊ သေဆုံးသူထံမှ ကူးစပ်ရောဂါမပြန့်ပွားစေရေးအတွက် လိုအပ်သောဆေးဝါးအကူအညီဖြင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ဆက်လက်၍ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ကယ်ဆယ်ထောက်ပံ့ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘေးဒဏ်သင့်ဒေသများမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ဖြစ်ပွားပြီးဒေသများမှာရှိတဲ့ အပျက်အစီးများရှင်းလင်းဖယ်ရှားခြင်း၊ ဘေးဒဏ်ကြောင့် လုံးဝပျက်စီးမှုမရှိသော်လည်း ခိုင်ခံ့မှုမရှိသော ဖြိုဖျက်သင့်သည့်အဆောက်အဦများအား ဖြိုဖျက်ခြင်း၊ ဘေးဒဏ်သင့်ပြည်သူများအား မူလနေရာများသို့ ပြန်လည်နေရာချထားရေး ကူညီဆောင်ရွက်ပေးခြင်း၊ ယာယီဆေးခန်းများတည်ဆောက်ခြင်းနှင့် ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများကိုလည်း ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်များအပေါ် ပြန်လည်သုံးသပ်ပြီး နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်နှင့် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အချိန်နှင့် တစ်ပြေးညီ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်ပြီးတော့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ်များရဲ့ မြို့ကြီး ၁၇ မြို့မှာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၁၁၆ ဦးပါဝင်သော တပ်ခွဲတစ်ခွဲစီ၊ မြို့နယ်တစ်မြို့နယ်မှာ အင်အား ၃၅ ဦးစီပါဝင်သော တပ်စုတစ်စုစီ ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ တပ်ခွဲ ၁၇ ခွဲ၊ တပ်စု ၃၃၃ စု၊ သံလျင်မီးသတ်တပ်ဖွဲ့ဝင် ၂၀၂၂ ဦး၊ အရံမီးသတ်တပ်ဖွဲ့ဝင် ၁၂၆၀၅ ဦး စုစုပေါင်း ၁၃၆၂၇ ဦးဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

မီးသတ်ယာဉ်/စက်များဖွဲ့စည်းထားရှိမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မတိုင်မီ မီးသတ်ယာဉ် ၁၂၈၂ စီးရှိရာမှ မီးသတ်ယာဉ်အမျိုးအစား လေးမျိုးသတ်မှတ်ပြီး ဖြည့်တင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးသတ်စက်ယာဉ်၊ မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၁၆၇၃ စီးကို ဖြည့်ဆည်းနိုင်ခဲ့တဲ့အတွက် စုစုပေါင်းမီးသတ်ယာဉ် ၂၉၅၅ စီးဖြင့် ဖြန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီရှာဖွေရေးကယ်ဆယ်ရေးယာဉ် ၁၂ စီး၊ လူနာတင်ယာဉ် ၂၀ စီး၊ မီးသတ်အမြန်ရေယာဉ် ၂၃ စီး၊ အမေရိကန်နိုင်ငံလုပ် Defender ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးရေယာဉ် ၂၀ စီး၊ တရုတ်နိုင်ငံမှ လှူဒါန်းသည့်စက်လှေ ၁၀၀ စီး၊ တရုတ်နိုင်ငံမှ အပေါ့စားအား ရေစုပ်စက် ၁၀၀၀ လုံး၊ သက်ကယ်အင်္ကျီများ ရုရှားနိုင်ငံမှ လှူဒါန်းသည့် စက်လှေ ၁၀ စီးတို့ကို တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ခွဲထားရှိပြီးဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများမှာ အထောက်အကူပြုဆောင်ရွက်နိုင်ရန်အတွက် ရေယာဉ်များ ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် ဖြန့်ခွဲထားရှိသည့်မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင် ၃၀၀ ဦးအား ရေကြောင်းရဲတပ်ဖွဲ့နှင့်ပူးပေါင်းပြီးတော့ ကျွမ်းကျင်မှုသင်တန်းများကို ပို့ချပေးခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်များအလိုက်လည်း ဆင့်ပွားသင်တန်းများကို ပို့ချပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် စွမ်းအင်မြှင့်တင်ရေးအတွက်ကို သင်တန်းဖွင့်လှစ်ဆောင်ရွက်မှုများအနေဖြင့် ဌာနအတွင်း လေ့ကျင့်ရေးသင်တန်းများ၊ အကြိုအခြေခံမီးသတ်သင်တန်းများ၊ မွမ်းမံသင်တန်းများ၊ ရှာဖွေကယ်ဆယ်ရေးသင်တန်းများ၊ အခြားပြည်တွင်းသင်တန်းများ ဖွင့်လှစ်တက်ရောက်စေတဲ့အပြင် ပြည်ပနိုင်ငံများသို့ သင်တန်းစေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်စေခြင်း၊ INGO အဖွဲ့အစည်းများမှ ပြည်တွင်း၌လာရောက်ပို့ချသည့်သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများကို တက်ရောက်စေလျက်ရှိပါတယ်။ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မုတ်သုံအဝင်နောက်ကျခြင်း၊ အထွက်စောခြင်း၊ မုတ်သုံအင်အားနည်းခြင်း၊ မိုးနည်းခြင်း၊ အပူချိန်တိုးမြင့်ခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ ရေထု၊ လေထုအပြန်အလှန်အကျိုးသက်ရောက်မှုရှိခြင်း စတဲ့ အချက်များကြောင့် တိုင်းဒေသကြီး/ပြည်နယ်များမှာ မီးသတ်ဦးစီးရုံးများကို ကာလအခြေအနေနဲ့ ဒေသအခြေအနေအလိုက် အပတ်စဉ်လစဉ်ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ကြီးကြပ်ခြင်း၊ မီးသတ်လုံခြုံ ရေးစစ်ဆေးမှုများကို အပတ်စဉ်ဓာတ်ပုံမှတ်တမ်းများနှင့်အတူ ပြန်လည်တင်ပြစေခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် မီးဘေးလုံခြုံရေးလုပ်ငန်းစီမံချက်၊ သဘာဝ

ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစီမံချက် အယ်လ်နီညို ရာသီဥတုပြောင်းလဲမှု တုံ့ပြန်ပြင်ဆင်ရေးစီမံချက်များကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြို့နယ် အလိုက် စီမံချက်များကို ရေးဆွဲစေပြီး ဇာတ်တိုက်လေ့ကျင့်မှုများကိုလည်း ဆောင်ရွက်စေလျက်ရှိပါ တယ်။

တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ခရိုင်/မြို့နယ်၊ ရပ်ကွက်/ကျေးရွာ များမှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းထားသော မီးဘေးလုံခြုံရေးအဖွဲ့ အဆင့် ဆင့်အား သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုလျော့နည်းစေရေး၊ သဘာဝဘေးကြိုတင်ကာကွယ် ပြင်ဆင်ရေး၊ သဘာဝဘေးလျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ရေး၊ မူလအခြေအနေပြန်လည်ရောက်ရှိစေ ရန်ဆောင်ရွက်ရေး စတဲ့လုပ်ငန်းများအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနများရဲ့ လုပ်ငန်း ဆောင်ရွက်ချက်များကို အထောက်အကူပြု ဆောင်ရွက်ပေးခြင်းနဲ့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းစေလွှတ်၍ လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက်ကို အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိ ရေးဆောင်ရွက်လျက်ရှိပါတယ်။ မီးသတ်ဦးစီးဌာနအနေနဲ့ အယ်လ်နီညိုရာသီဥတုပြောင်းလဲဖြစ်စဉ် ကြောင့် သဘာဝဘေးအန္တရာယ်အပါအဝင် မီးဘေးအန္တရာယ်နှင့် အခြားသောမတော်တဆမှုများ ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးရုံးများ၊ ခရိုင်မီးသတ်ဦးစီးရုံးများ၊ ခရိုင်မီးသတ်စခန်းများ၊ မြို့နယ်မီးသတ်ဦးစီးရုံးများ၊ မြို့နယ်မီးသတ်စခန်း၊ နယ်မြေမီးသတ်စခန်းများကိုလည်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များမှာ အရံ မီးသတ်တပ်ဖွဲ့ဝင် ၂၈၅၀၅၀ ဦးဖွဲ့စည်းနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများတွင်လည်း သီးသန့် မီးသတ်တပ်ဖွဲ့ဝင် ၁၇၄၈၀ ဦးတို့စည်းရုံးဖွဲ့စည်းနိုင်ခဲ့ပြီး မြို့နယ်၊ ရပ်ကွက်/ကျေးရွာများ၏ မီးဘေး လုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ၁၂-၂-၂၀၁၆ ရက် ရက်စွဲပါစာဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနမှူးများအား မိမိတို့ဒေသတွင် ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလများအတွင်း မီးလောင်ဆုံးရှုံးမှုများ မဖြစ်စေရေး၊ ရေရှားပါးမှုမဖြစ်ပွားစေရေး၊ ရာသီဥတုပူပြင်းမှုကြောင့် ဖြစ်ပေါ် လာနိုင်တဲ့အခက်အခဲအန္တရာယ်များ ကျရောက်လာပါက ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင် စွမ်းရှိသည့်အခြေအနေများကို ဒေသအလိုက် ကြိုတင်ပြင်ဆင်ထားရှိရန် ညွှန်ကြားထားပြီး အထူးသဖြင့် ကျောင်းသူကျောင်းသားများရဲ့ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း စာသင်ကျောင်းများ၌ မီးလောင်မှုနှင့် မီးလန့်မှုများဖြစ်ပွားမှု မဖြစ်စေရေးအတွက်ကို မီးဘေးလုံခြုံရေးအစီအမံများ

ဆောင်ရွက်ထားရန် ညွှန်ကြားထားရှိပြီးဖြစ်သကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်များအလိုက်လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ၄-၅-၂၀၁၂ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ ရဲချုပ်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၂ ဦးအဖြစ် ဖွဲ့စည်းထားရှိကာ မြန်မာနိုင်ငံအမျိုးသားအရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီရုံးကိုလည်း နေပြည်တော်ရုံးအမှတ် ၃၈ မှာဖွင့်လှစ်ထားရှိပြီး တိုင်းဒေသကြီး/ပြည်နယ်များမှာ သဘာဝဘေးအန္တရာယ်အခြေအနေများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီရုံးခွဲများနှင့် ချိတ်ဆက်ပြီး အချိန်ပြည့်သတင်းရယူတင်ပြခြင်း၊ စောင့်ကြည့်၍အစီရင်ခံတင်ပြခြင်း၊ ညွှန်ကြားကြပ်မတ်ခြင်းများကို Video Conferencing စနစ်များဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်ကယ်ဆယ်ရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ဆောင်ရွက်ခြင်းအနေဖြင့် အင်အားနှင့်ယာဉ်ဆက်စပ်ပစ္စည်းများ စုဖွဲ့ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အလိုက် လုံခြုံရေးကော်မတီများမှ လုံခြုံရေး၊ ကယ်ဆယ်ရေး၊ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲပြီးတော့ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် လူထုအားပညာပေးခြင်းလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်စဉ်ကာလအတွင်း ဆောင်ရွက်မှုအနေဖြင့် ကယ်ဆယ်ရေး၊ လုံခြုံရေးကိစ္စရပ်များကို တပ်မတော်၊ တာဝန်ရှိတဲ့အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဆောင်ရွက်မှုအနေနဲ့ ပြန်လည်ထူထောင်ရေး၊ လုံခြုံရေး၊ မိဘမဲ့ကလေးသူငယ်များအား လူမှောင်ခို၊ လူကုန်ကူးခံရမှုမှ ကာကွယ်ရေးကိစ္စများကိုလည်း စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ၁၆-၂-၂၀၁၆ ရက်နေ့မှာ နေပြည်တော်မှာ ဦးဆောင်ကျင်းပပြုလုပ်တဲ့ EL Nino Outlook Forum သို့ အခြားဌာနများနှင့်အတူ တက်ရောက်ပြီးတော့ ရရှိတဲ့အချက်များပေါ်မူတည်ပြီး သောက်သုံးရေနှင့် စိုက်ပျိုးရေးကို စနစ်တကျသုံးစွဲခြင်း၊ စိုက်ပျိုးရေးကဏ္ဍအပေါ် အလေးထားစောင့်ကြည့်ခြင်း၊ ရေရရှိရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများမှ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ

NGO/INGO အဖွဲ့အစည်းများ၊ ကျေးရွာနေပြည်သူလူထုများနှင့် ပေါင်းစပ်ပြီးတော့ ကြိုတင်ကာကွယ်ခြင်းဖြစ်ပွားလာပါက ဆောင်ရွက်ခြင်း၊ ဖြစ်ပွားပြီးနောက်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ် သုံးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်ကို တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှလည်း သက်ဆိုင်ရာဒေသအလိုက် အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက်ကို စီမံချက်များရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများရဲ့ အနီးကပ်ကြပ်မတ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ လတ်တလောအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်များမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အယ်လ်နီညိုရိုက်ခတ်မှုဒဏ်ကြောင့် သောက်သုံးရေနှင့် စိုက်ပျိုးရေစနစ်တကျ အကျိုးရှိစွာသုံးစွဲရေးလုပ်ငန်းစဉ်များကို အသိပညာပေးဆွေးနွေးမှုများ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ အဆိုပါဆွေးနွေးပွဲ၌ ၂၀၁၆ ခုနှစ် နွေရာသီမှာ မြန်မာနိုင်ငံအနေဖြင့် အယ်လ်နီညိုသက်ရောက်မှုရှိနိုင်မည့် အပူချိန်မြင့်မားခြင်း၊ ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းကြုံတွေ့နိုင်သောကြောင့် ရပ်ကွက်/ကျေးရွာပြည်သူများ၊ တောင်သူများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေစနစ်တကျသုံးစွဲရေးလုပ်ငန်းစဉ်များ၊ သက်တမ်းတိုစပါးမျိုးများ ရွေးချယ်အသုံးပြုစိုက်ပျိုးရေး၊ လူနှင့် တိရစ္ဆာန်များအတွက် သောက်သုံးရေကို အဓိကအသုံးပြုပြီး ပိုလျှံသောရေကို အခြားသီးနှံများ စိုက်ပျိုးရေးအတွက် စနစ်တကျသုံးစွဲကြရန် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ကျန်ရှိသောအခြားမြို့နယ်များမှာလည်း စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ရာသီဥတုနှင့်ကိုက်ညီမည့် မျိုးစပါးများအသုံးပြုရေး၊ ကျေးရွာအလိုက်သောက်သုံးရေရရှိရေး၊ ဖြစ်ပေါ်လာနိုင်မည့် ကျန်းမာရေးဆိုင်ရာပြဿနာများအား ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အား ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများသည် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ NGO/INGO များနှင့် ပေါင်းစပ်ပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ ကြီးကြပ်လမ်းညွှန်မှုနဲ့အတူ ဆောင်ရွက်လျက်ရှိပါတယ်။

အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ပြဿနာများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက်ကို သတိပေးချက်များနှင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို ပြည်သူလူထုသိရှိနိုင်ရန်အတွက် Sky Net ရုပ်သံလိုင်းမှ ထုတ်လွှင့်သော Home Channel

နှင့် အခြားရုပ်သံလိုင်းများမှ ထုတ်လွှင့်၍ အသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ တပ်ဖွဲ့/ဦးစီးဌာနများအနေနဲ့ ၂၀၁၆ ခုနှစ်မှာဖြစ်ပေါ်လာနိုင်တဲ့ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ရေရှားပါးမှုပြဿနာများ၊ ကျန်းမာရေးချို့ယွင်းမှုပြဿနာများ၊ ပူပြင်းခြောက်သွေ့မှုကြောင့် မီးလောင်ကျွမ်းမှုပြဿနာများ ကြိုတင်ကာကွယ်ခြင်း၊ ကူညီကယ်ဆယ်ထောက်ပံ့ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးဒဏ်များကိုလည်း ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အဆိုကို ပြည်သူ့လွှတ်တော်မှ မှတ်တမ်းတင်သင့်ပါကြောင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် အယ်လ်နီညို(EL Nino) အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းဖြစ်ပေါ်လာနိုင်သော အပူဒဏ်အန္တရာယ်များနှင့် အပူဒဏ်ကြောင့်ဆက်စပ်ဖြစ်ပွားတက်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများအပေါ် လက်ရှိဆောင်ရွက်နေတဲ့လုပ်ငန်းများနဲ့ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းများအား ဝန်ကြီးဌာနကိုယ်စား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဒေသအတွင်း အပူချိန်ပြောင်းလဲမှုများ၊ အပူချိန်မြင့်မားမှုများ၊ မိုးရွာသွန်းမှုများ၊ ပုံစံပြောင်းလဲမှုများ ဖြစ်ပေါ်သဖြင့် အကျိုးသက်ရောက်မှုအနေဖြင့် အပူဒဏ်အန္တရာယ်ဖြစ်ပွားခြင်း၊ ပူပြင်းခြောက်သွေ့သော ပတ်ဝန်းကျင်ဖြစ်ပွားစေခြင်း၊ မီးလောင်မှုဖြစ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားစေတတ်ပါသည်။ ထို့အပြင် အယ်လ်နီညိုကြောင့် ကျန်းမာရေးအကျိုးသက်ရောက်မှုအဖြစ် အပူဒဏ်အန္တရာယ်များဖြစ်သည့် အရေးကြီးသည့် အဆင့်

သုံးဆင့်ဖြစ်တဲ့ Health Cramps, Heat Exhaustion နှင့် Heat Stroke တို့ အဖြစ်များပါတယ်။ ဆက်လက်၍ အပူဒဏ်ကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော နောက်ဆက်တွဲကျန်းမာရေး ပြဿနာများ ဖြစ်သည့် ရောဂါပိုးမွှားများမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ(ဥပမာ-ဝှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ)၊ မိုးခေါင်ခြင်းကြောင့် ရေရှားပါးမှုနှင့် ဆက်စပ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများ (ဥပမာ-ကာလဝမ်းရောဂါ)၊ အာဟာရချို့တဲ့ခြင်းပြဿနာများ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်းများ၊ တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် အခြားနာတာရှည်ရောဂါဖြစ်ပွား၊ သေဆုံးမှုများ ဖြစ်ပေါ်နိုင်ပါသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်စေတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အယ်လ်နီညိုကြောင့် ကျန်းမာရေးအကျိုးသက်ရောက်မှုအဖြစ် အပူဒဏ်အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ အပူဒဏ်အန္တရာယ်နှင့် ပတ်သက်ပြီး ပြည်သူလူထုအတွင်း ပိုမိုအသိပညာရှိစေရန်အတွက် (Community Awareness) ရရှိအောင် ဆောင်ရွက်ခြင်း၊ ကျေးရွာ/ရပ်ကွက်များမှာရှိတဲ့(Community Leaders) များမှတစ်ဆင့် ၎င်းတို့ သိရှိကာ ပြည်သူလူထု၏ ပူပေါင်းပါဝင်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ခြင်းနှင့် ဒေသခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထု၏ အပူဒဏ်အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင် လိုအပ်သည်များ ပံ့ပိုးကုသဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ၁၉-၂-၂၀၁၆ ရက်နေ့မှာ ခန့်မှန်းထားရှိတဲ့ နေ့အပူချိန်များအနေဖြင့် ပျမ်းမျှအပူချိန်ထက် ပိုနိုင်ပြီး ၈၀ ရာခိုင်နှုန်းနှင့်အထက် သေချာမှုရှိတဲ့ နေပြည်တော်အပါအဝင် တိုင်းနှင့်ပြည်နယ် ၁၄ ခုကို ဦးစားပေး ဦးတည်ဧရိယာများအဖြစ် သတ်မှတ်ပြီးတော့ ဦးတည်အုပ်စုများဖြစ်တဲ့ သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်များ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများကို သတ်မှတ် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အပူဒဏ်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများအတွက် (က) အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ထိရောက်စွာ ကုသနိုင်ရေးလုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ အပူဒဏ်အန္တရာယ်ဖြစ်ပွား/သေဆုံးမှုများ လျော့နည်းစေရေးအတွက် ကာကွယ်ရေးနှင့် ကုသရေး လုပ်ငန်းလမ်းညွှန်များ ချမှတ်ပေးခြင်း၊ (ခ) ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နှီးနွှယ်ဌာနများနှင့်ပူးပေါင်း၍ ရပ်ကွက်/ကျေးရွာများအထိ ပြည်သူလူထုထံ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များ အသိပေးကြေညာခြင်း၊ (ဂ) အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

လက်ကမ်းစာစောင်များအား ရပ်ကွက်/ကျေးရွာများအထိ ဖြန့်ဝေပေးခြင်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် အခြားသတင်းမီဒီယာတို့မှတစ်ဆင့် ပြည်သူလူထုသို့ ကျန်းမာရေးပညာပေးများဆောင်ရွက်ခြင်း၊ (ဃ) အပူဒဏ်အန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုဖြစ်ပွားနိုင်သည့် အုပ်စုများအား အပူဒဏ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာစေရန်နှင့် သံသယရှိပါက ဆေးရုံသို့ အမြန်ဆုံးသွားရောက်ကုသနိုင်ရေးအတွက် ဦးစားပေးစီစဉ်ဆောင်ရွက်ပေးခြင်း၊ (င) အပူဒဏ်အန္တရာယ်ခံစားသူများအား ထိရောက်စွာကုသနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်များရှိ ဆေးရုံများနှင့် ဗဟိုအဆင့်ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိခြင်း၊ ဆေးကုသမှုအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းထားရှိခြင်း၊ (စ) ကျေးလက်ဒေသများရှိ ကျန်းမာရေးဌာနများတွင် အပူဒဏ်အန္တရာယ်ခံစားရသူ လူနာများအား ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်လူနာလွှဲပြောင်းမှုအစီအစဉ်များ ထားရှိဆောင်ရွက်စေခြင်း၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ စုဆောင်းထားရှိခြင်း၊ (ဆ) အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှုများပြားသော တိုင်းဒေသကြီး/ပြည်နယ်များသို့ တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းပြီး ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်ပေါင်းစပ်၍ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (ဇ) အပူဒဏ်အန္တရာယ်နှင့်ပတ်သက်၍ နေ့စဉ်သတင်းရယူခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ခြင်း၊ (ဈ) အပူဒဏ်အန္တရာယ် သတိပေးမှုနှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဆက်သွယ်၍ ပုံမှန်သတင်းရယူခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ဆက်လက်ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဧင်းအပြင် အပူဒဏ်အန္တရာယ်ကြောင့်ဖြစ်ပွားတတ်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ကုသကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက် အပူဒဏ်အန္တရာယ်ကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ၊ နာတာရှည်ရောဂါများအပါအဝင် အခြားနောက်ဆက်တွဲ ကျန်းမာရေးပြဿနာများအား ထိရောက်စွာ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်များ ချမှတ်ပေးခြင်း၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းထားရှိခြင်း၊ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအားဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပါတယ်။ သောက်သုံးရေ

ရှားပါးမှုနှင့်ပတ်သက်၍ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် လုံလောက်စွာရရှိရေး အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် နှီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အပူဒဏ်ကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ကူးစက်ရောဂါဖြစ်ပွားမှုရှိ/မရှိ စောင့်ကြပ်ကြည့်ရှုခြင်း၊ ဖြစ်ပွားပါက စောစီးစွာ သတင်းပေးပို့ခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ခြင်း၊ အာဟာရချို့တဲ့ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်းအပါအဝင် အပူဒဏ်ကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော နာတာရှည်ရောဂါများနှင့် အခြားနောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖြစ်ပွားမှုရှိ/မရှိ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စောစီးစွာကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်၍ အပူဒဏ်အန္တရာယ်လူနာများ ကုသရေးလုပ်ငန်းများအနေဖြင့် လူနာအဆင့်အလိုက် လိုက်နာဆောင်ရွက်ရမည့်ကုထုံးများ (Standard Operating Procedures)များ ပြုစုကာ ဆေးရုံများသို့ဖြန့်ဝေပြီး စနစ်တကျလိုက်နာဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ သတ်မှတ်ကုထုံးများနှင့်အညီ ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ဆေးဝါး၊ ဆေးပစ္စည်းများလုံလောက်အောင် ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့် လူနာများအတွက် ကုသပေးမည့်နေရာများ၊ အခန်းများကြိုတင်စီစဉ်ခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရရှိအောင် လေ့ကျင့်တာဝန်ပေးခြင်းများဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၏အဆိုအပေါ် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို စနစ်တကျ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အပူဒဏ်အန္တရာယ်ကြောင့် ပြည်သူလူထုအတွင်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှု အတတ်နိုင်ဆုံးလျော့နည်းနိုင်သမျှ လျော့နည်းအောင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ပြည်သူလူထုအားလုံးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ အတွင်းရေးမှူး ဦးဘုန်းဆွေဖြစ်ပါတယ်။ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၏ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညို(EL Nino) အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကမ္ဘာတစ်ဝှမ်းမှာ ဖြစ်ပွားလျက်ရှိတဲ့ အယ်လ်နီညိုဖြစ်စဉ်သည် ယခု ၂၀၁၆ ခုနှစ် မတ်လ၊ ဧပြီလနှင့်မေလအထိ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ယခုကစပြီးလာမယ့် နွေရာသီကာလမှာ ပူပြင်းခြောက်သွေ့ခြင်း၊ သောက်သုံးရေရှားပါးခြင်းများ၊ အပူချိန်ပြင်းထန်မှုနဲ့ ဆက်စပ်ပြီးဖြစ်နိုင်တဲ့ ကျန်းမာရေးဆိုင်ရာပြဿနာများ၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းလျော့ကျခြင်းများ၊ စားနပ်ရိက္ခာရှားပါးခြင်းများနဲ့ မီးဘေးအန္တရာယ်၊ မိုးခေါင်ရေရှား ဘေးအန္တရာယ်များအား ကြုံတွေ့နိုင်ရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အနေနဲ့ ၁၉၉၇-၁၉၉၈ ခုနှစ်မှာလည်း ပြင်းထန်တဲ့ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့မှု၊ ရေရှားပါးမှု၊ အပူရှိန် ပြင်းထန်မှုကြောင့်ဖြစ်တဲ့ ကျန်းမာရေးဆိုင်ရာပြဿနာများ စတဲ့အတွေ့အကြုံများရှိခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေ၊ အရင်ကခံစားခဲ့ရတဲ့ အတွေ့အကြုံ များကို အခြေခံပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်စီမံဆောင်ရွက် လျက်ရှိပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေနဲ့လည်း ပြီးခဲ့တဲ့ နှစ် ဇူလိုင်လ၊ ဩဂုတ်လတွေမှာဖြစ်ခဲ့တဲ့ ရေဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်မှာပဲ အဲဒီနှစ် စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလများမှာ အယ်လ်နီညိုဖြစ်စဉ်ဖြစ်နိုင်ကြောင်း၊ မိုးနှောင်းကာလဖြစ်တဲ့ စက်တင်ဘာလနဲ့အောက်တိုဘာလများမှာ ဒုတိယအကြိမ်ရေကြီးနိုင်တဲ့ အလားအလာများရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်ခန့်မှန်းချက်များ

အရ ပထမအကြိမ်ဖြစ်ပေါ်ခဲ့တဲ့ ပုံမှန်မဟုတ်တဲ့ရေကြီးမှုဖြစ်စဉ်များရဲ့ အတွေ့အကြုံများအပေါ် အခြေခံကာ ဆက်လက်ဖြစ်ပေါ်လာနိုင်တဲ့ ရေဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီရဲ့ ထုတ်ပြန်ချက်များ ကို ၇-၉-၂၀၁၅ နေ့သတင်းစာမှာ ဖော်ပြထားခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ မှာပြုလုပ်တဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးမှာ အယ်လ်နီညိုနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြ ပြီးတော့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလက်အောက်မှာရှိတဲ့ လုပ်ငန်း ကော်မတီများ၊ ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လိုအပ်တဲ့အစီအမံများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ဆောင်ရွက်ထားကြရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးညာဏ်ထွန်းကိုယ်တိုင်ညွှန်ကြားခဲ့ပါတယ်။

ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ကတော့ ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဦးစီးဌာနဆိုတဲ့ ဦးစီးဌာနနှစ်ခုရှိပြီး သဘာဝဘေးအန္တရာယ်တွေနဲ့ပတ်သက်ပြီး ကူညီ ထောက်ပံ့ရေး၊ ပြည်သူလူထုအသိပညာပေးရေးတို့ကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ UN၊ INGOs၊ NGOs များနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ယခု အယ်လ်နီညိုဖြစ်စဉ်အပါအဝင် သဘာဝဘေး အန္တရာယ်များနဲ့ပတ်သက်ပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ ရည်ရွယ်ချက် နှစ်ရပ်ဖြစ်တဲ့ သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခကြုံတွေ့နေရသော ဒုက္ခသည်များအား လတ်တလော သက်သာချောင်ချိမှုရရှိစေရေးအတွက် အထောက်အပံ့များပေးရန်နှင့် သဘာဝဘေး အန္တရာယ်များကြောင့် လူ့အသက်၊ အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်စီမံဆောင်ရွက် ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်များအတိုင်း ကြိုတင်ပြင်ဆင်မှုများအား ဆောင်ရွက်ထားရှိပါတယ်။ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်ထဲမှ ထူးခြားစွာ မိုးခေါင် ခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းများကြောင့်သော်လည်းကောင်း၊ စိုက်ပျိုးထားသောသီးနှံများ ပိုးမွှား၊ တိရစ္ဆာန်များ ဖျက်ဆီးခြင်းကြောင့်သော်လည်းကောင်း၊ ငတ်မွတ်ခေါင်းပါးဘေး ကျရောက်မှုများအား ထောက်ပံ့မှုပေးခြင်းဆိုတဲ့ လုပ်ငန်းတာဝန်အတိုင်း ကျွန်တော်တို့အနေနဲ့ ယခု အယ်လ်နီညိုဖြစ်စဉ်မှာ အစာရေစာရှားပါးခြင်း ကြုံတွေ့လာခဲ့ရပါက ထောက်ပံ့ပေးနိုင်ဖို့ စီစဉ်ထားရှိပါတယ်။ ကျွန်တော်တို့ရဲ့ မူကြမ်း

ထောက်ပံ့မှုနှုန်းထားဖြစ်တဲ့ လူတစ်ဦးလျှင် တစ်နေ့ ဆန်နို့ဆီဘူးနှစ်လုံး ထောက်ပံ့နိုင်အောင်နှင့် ဒါ့အပြင် အရေးပေါ်အစားအစာဖြစ်တဲ့ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ရေသန့်များထောက်ပံ့နိုင်အောင် စီစဉ်ထားရှိပါတယ်။ ရေကြိုတင်သိုလှောင်အသုံးပြုနိုင်ဖို့အတွက် တာပေါ်လင်စများ၊ ရေပုံးများကို တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက စီမံခန့်ခွဲဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လူတစ်ဦး တစ်ရက် ဆန်နို့ဆီဗူးနှစ်လုံးနှုန်းနဲ့ သုံးရက်စာ လူတစ်သိန်းအတွက် ခေါက်ဆွဲခြောက်နှစ်ထုပ်၊ ကြက်ဥနှစ်လုံး၊ ရေတစ်လီတာဘူးတစ်ဘူးနှုန်းဖြင့် လူတစ်သိန်းစာအတွက် ဘတ်ဂျက်တောင်းခံထားရှိပြီး ဖြစ်ပါတယ်။ စုစုပေါင်း မိုးကာလိပ် ၂၉၉ လိပ်၊ ရေပုံး ၄၀၀၀ ပုံးကိုလည်း တိုင်းဒေသကြီး/ပြည်နယ်များကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် မီးစက် ၁၁၆ လုံးနဲ့ ရေစုပ်စက်အလုံး ၄၀ ကို ၂၀၁၅ ခုနှစ် မိုးရာသီကာလအတွင်းဖြစ်ပွားခဲ့တဲ့ ရေဘေးသင့် ဒေသများအနက် ဘေးဒဏ်ပိုမိုခံစားခဲ့ရတဲ့ဒေသများဖြစ်တဲ့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့ကို ခွဲဝေ ပေးခဲ့ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်ကယ်ဆယ်ရေးအဖွဲ့များအနေနဲ့လည်း သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေမှာ အဆင်သင့်အသုံးပြုနိုင်ရန် မီးစက် ၅၄ လုံးနဲ့ ရေစုပ်စက်အလုံး ၆၀ လုံးကို ခွဲဝေပေးထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုအတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက် ရာမှာ အယ်လ်နီညိုနဲ့ ပတ်သက်တဲ့အသိပညာပေးခြင်းများ၊ မီးဘေး၊ မိုးခေါင်ရေရှားဘေးနဲ့ ပတ်သက် တဲ့အသိပညာပေးခြင်းများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများအား အထူးဦးစားပေးဆောင်ရွက်ခဲ့ပါ တယ်။ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူး ရုံးများကိုလည်း အရေးပေါ်ထောက်ပံ့မှုအတွက် အဆင်သင့်ဖြစ်စေရေး ညွှန်ကြားထားသလို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ ဦးဆောင်မှုနဲ့ အယ်လ်နီညိုအတွက် ကြိုတင် ပြင်ဆင်မှုလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာများနဲ့ ပူးပေါင်း ဆောင်ရွက်သွားဖို့လည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။

သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးဌာနများကလည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြ ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ဆိုရင် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှာရှိတဲ့ ကျေးရွာများမှာ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ် ပေါ်စေရေးအတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ပထမအပတ်မှစကာ လိုအပ်သည်များအား ကြိုတင် မူကြမ်း

ပြင်ဆင်စီမံထားရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လာနိုင်တဲ့ ကျေးရွာများ အား အစုအဖွဲ့ဖွဲ့၍ သောက်သုံးရေ အလျင်အမြန်ပံ့ပိုးဖြည့်ဆည်းနိုင်ရေးအတွက် မြို့နယ်အတွင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ NGOs များ၊ စေတနာရှင်များနှင့် လုပ်ငန်း ညှိနှိုင်းမှုများ ကြိုတင်ဆောင်ရွက်ထားကြရန်နှင့် မိမိတို့ဒေသအတွင်းရှိ မီဒီယာများအား လက်ရှိ ကျေးရွာများရဲ့ ရေသုံးစွဲမှုအခြေအနေ၊ ရေပြတ်လပ်လျှင် ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်း ချပြလျက်ရှိပါတယ်။ သောက်သုံးရေအခက်အခဲ တွေ့ကြုံနိုင်တဲ့ကျေးရွာများရဲ့ လက်ရှိရေအရင်း အမြစ် စက်ရေတွင်း၊ လက်တွင်းနှင့် မြေသားကန်၊ စိမ့်စမ်းများမှ နေ့စဉ်ရေသုံးစွဲမှုအား တွက်ချက်ပြီး ပူပြင်းရာသီကာလအတွင်း ထပ်မံသုံးစွဲနိုင်မည့်ခန့်မှန်းရက်နှင့် ရေစတင်ရှားပါးပြတ်လပ်မှု ဖြစ်ပွား နိုင်တဲ့အခြေအနေပေါ် ပံ့ပိုးဖြည့်ဆည်းပေးရမယ့် ခန့်မှန်းရက်အား တွက်ချက်ထားပြီးဖြစ်ပါတယ်။ နွေရာသီ ရေရှားပါးမှု ကြုံတွေ့နိုင်သောကျေးရွာများသို့ ကွင်းဆင်းပြီးတော့ လိုက်နာဆောင်ရွက်ရန် ကိစ္စများအား ပညာပေးဆွေးနွေးလျက်ရှိပါတယ်။

ဘဏ္ဍာရေးနှစ်အတွင်း ဘတ်ဂျက်လျာထားသည့် နွေရာသီရေရှားပါးသော ကျေးရွာများအား လုပ်ငန်းအမြန်ပြီးပြတ်စေရေး ဦးစားပေးဆောင်ရွက်သွားရန် ညွှန်ကြားပြီးဖြစ်ပါတယ်။ ကျေးရွာများမှာ ရေရှားပါးပြတ်လပ်မှုပြဿနာ ကြုံတွေ့လာပါက အလျင်အမြန် သောက်သုံးရေပေးပို့နိုင်ရန်အတွက် မြို့နယ်အလိုက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ် ညှိနှိုင်း၍ ရေသယ်ယာဉ်များ၊ မီးသတ်ကားများဖြင့် ရေသယ်ယူနိုင်ရေး ညှိနှိုင်းစီမံထားပြီး ဖြစ်ပါတယ်။ ရေခမ်းခြောက်သွားသော ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ် များမှ ကျေးရွာ ၅၃ ရွာရှိ မြေသားကန် ၇၅ ကန်ကို နီးစပ်ရာ မြစ်၊ ချောင်းများမှ သောက်သုံးရေချိုများ အား ကြိုတင်ဖြည့်ဆည်းပေးပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ကျောက်တော်၊ မင်းပြား၊ ဘူးသီးတောင် မြို့နယ်များမှာ ကျေးရွာ ၃၇ ရွာရှိ မြေသားကန် ၄၇ ကန်ကို သောက်သုံးရေချိုဖြည့်ဆည်းခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီး ကျေးရွာများရှိ စက်ရေတွင်းများမှာ ပုံမှန်လည်ပတ်နိုင်ခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးပြီး ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရေသန့် ဆေးပြားများ/ဆေးမှုန့်များ၊ ရေပုံး/ရေခွက်များ၊ ရေပိုက်အရွယ်စုံ၊ အပေါ့စားရေစုပ်စက်နှင့် ရေတင်ပန့် အပိုပစ္စည်းများ အရန်သင့်သိုလှောင်ထားရှိပြီးဖြစ်ပါတယ်။ ထိုသို့ ရေပြတ်လပ်မှု လတ်တလောဖြေရှင်း ပေးမယ့်အစီအမံများအပြင် ဒေသအလိုက် ရေရှည်ဆောင်ရွက်သင့်သည်များကို သက်ဆိုင်ရာ

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဖော်ထုတ်၍ ကျေးလက်ရေရရှိရေး ကာလတို/ကာလရှည် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသများတွင် ရေရှားပါးမှုဖြစ်ပွားသည်နှင့် ချက်ချင်းဆက်သွယ်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံများရဲ့အမည်၊ ရာထူး၊ တယ်လီဖုန်းနံပါတ်များအား လူမှုမီဒီယာ၊ သတင်းဂျာနယ်များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြေညာထားရှိပါတယ်။ ဒါ့အပြင် ပူပြင်းခြောက်သွေ့မှုကြောင့် တိရစ္ဆာန်အစားအစာ လုံလောက်မှုရရှိစေရန် အစာများကြိုတင်စုဆောင်းခြင်း၊ အစာပေါ်များချိန်တွင် တိရစ္ဆာန်အစားအစာများ လေလွင့်မှုမရှိစေရေး ကောက်ရိုးချဉ်ဖတ်ပြုလုပ်ခြင်း၊ ယူရီးယားဖြင့် ပြုလုပ်ထားသော ကောက်ရိုးများကျွေးမွေးခြင်း စတဲ့ နည်းပညာအထောက်အကူပြုသည့်သင်တန်းများလည်း ဖွင့်လှစ်ပို့ချလျက်ရှိပါတယ်။ ငါးမွေးမြူရေးလုပ်ငန်းအတွက် ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်ရန် ကြိုတင်အသိပေးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ သဘာဝဘေးအန္တရာယ်စီမံခန့်မှုနှင့်ပတ်သက်လို့ နိုင်ငံတော်အဆင့်မှာ ဖွဲ့စည်းထားရှိတဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရဲ့ လက်အောက်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ဒုတိယဝန်ကြီးများ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ အောက်ပါကော်မတီများအား ဖွဲ့စည်းထားရှိပါတယ်-

(က) သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ

(ခ) အရေးပေါ်ဆက်သွယ်ရေးဆပ်ကော်မတီ

(ဂ) ပျက်စီးမှုပဏာမသတင်းရရှိရေးနှင့်အရေးပေါ်ထောက်ပံ့ရေးဆပ်ကော်မတီ

(ဃ) ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးဆပ်ကော်မတီ

(င) ပို့ဆောင်ရေးနှင့်လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီ

(စ) ဘေးအန္တရာယ်လျော့ပါးရေးနှင့် အရေးပေါ်အခိုအကာထူထောင်ရေးဆပ်ကော်မတီ

(ဆ) ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီနှင့်

(ဇ) လုံခြုံရေးဆပ်ကော်မတီတို့ဖြစ်ပါတယ်။

အဲဒီလိုဖွဲ့စည်းထားရှိပြီးဖြစ်လို့ ဝန်ကြီးဌာနအသီးသီးသည်လည်း သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ဖြစ်လာမှသာ ဆောင်ရွက်ကြခြင်းမဟုတ်ဘဲ ဘေးမဖြစ်ခင်၊ ဖြစ်ဆဲနှင့်ဖြစ်ပြီး

ကာလများမှာ တာဝန်ယူဆောင်ရွက်ရတဲ့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြပါတယ်။ ဘေးအန္တရာယ်ကျရောက်တဲ့အချိန်မှာတော့ ကျွန်တော်တို့ ဝန်ကြီးဌာန၊ ဆပ်ကော်မတီများအသီးသီးမှ တာဝန်ရှိသူများ စုပေါင်းပြီး အရေးပေါ်ရုံးဖွင့်လှစ်ကာ သဘာဝဘေးတုံ့ပြန်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ စီမံခန့်ခွဲလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်တင်ပြရမယ်ဆိုရင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့မှ အဆင့်ဆင့်သောကော်မတီများ၊ ဝန်ကြီးဌာနများ လှုပ်ရှားဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်ပေးနေပါကြောင်းနှင့် ယခု အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်ပြီး ပထဝီအနေအထားအရ တစ်နိုင်ငံလုံးပါဝင်မှုရှိခြင်း၊ ပြည်သူတစ်ရပ်လုံး ရင်ဆိုင်တွေ့ကြုံရမည်ဖြစ်ခြင်းတို့ကြောင့် အစိုးရနှင့်သာသက်ဆိုင်ခြင်းမဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်သော လုပ်ဆောင်မှုဖြင့် ရင်ဆိုင်ဖြေရှင်းသွားမှသာလျှင် ဘေးအန္တရာယ်ထိခိုက်မှု နည်းပါးမှာဖြစ်ပါတယ်။ အစိုးရနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပါဝင်သင့်သူများက ဦးဆောင်ပြီး ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်နိုင်ပါက ဘေးအန္တရာယ်ထိခိုက်မှု လျော့ပါးစေနိုင်မည်ဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ခင်ဗျား။ ရာသီဥတုဖောက်ပြန်မှုကြောင့် ပြည်သူများ ရင်ဆိုင်ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်ရန် ဖြစ်ပေါ်လာလျှင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင်နှင့် အကောင်းဆုံး ရင်ဆိုင်ဖြတ်ကျော်နိုင်အောင် ကြိုတင်စီမံထားရှိရန် ဘက်ပေါင်းစုံမှ အပြုသဘောဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ စိတ်ရင်းစေတနာကို လေးစားမိပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။ ထို့အတူ ပြည်သူများ သဘာဝဘေးအန္တရာယ် မကျရောက်နိုင်ရန်နှင့် ကျရောက်ပါက မည်ကဲ့သို့ ဆောင်ရွက်မည်ဟူသော ဝန်ကြီးဌာနများ၏ အစီအမံများကို သိရှိရပါသဖြင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ရပ်ရွာဒေသများတွင် ပူးပေါင်းပါဝင် ကြိုတင်ကာကွယ်ဆောင်ရွက်မှုများတွင် များစွာအထောက်အကူ

ဖြစ်ပါ၍ လာရောက်ရှင်းလင်း ပြောကြားပေးကြပါသော သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများကို လည်း ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရာသီဥတုပြောင်းလဲမှုကြောင့် ပြည်သူများအပေါ်တွင် ကျရောက်မည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေးနှင့် ကျရောက်လာပါက လက်တွေ့အကောင်အထည်ဖော်ကြမည့် လက်ရှိနှင့် နောင်ဆက်လက်ဆောင်ရွက်ကြမည့် အစိုးရအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူလူထု များ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ရာတွင် လက်တွေ့ကျကျနှင့် ထိထိရောက်ရောက်ဖြစ်စေရန် အတွက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အနေဖြင့် အလေးထားကူညီပံ့ပိုးပေးရန် လိုအပ်ပါသဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုပါကြောင်း ဆန္ဒပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမောင်သင်းတင်သွင်းသွားတဲ့ အဆိုကို ကိုယ်စားလှယ် ၂၂ ဦးက ဆွေးနွေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ရှင်းလင်းပြော ကြားသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၄၀၀ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁ မဲနှင့် ကြားနေဆန္ဒမဲ ၁၄ မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ် ဦးရေကများတဲ့အတွက် ဒေါက်တာမောင်သင်းတင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို နေ့လယ်စာ စားသုံးရန်အတွက် တစ်နာရီခန့်နားပါမယ်။

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို ၁၂း၅၅ မိနစ်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

မူကြမ်း

[ အစည်းအဝေးကို (၁)နာရီခန့် ခေတ္တရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော်မဲဆန္ဒနယ်က မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထု ပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ် ပေးရန်အပြင် ထိရောက်သော ကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအဖွဲ့သို့ ဤလွှတ်တော်က တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော် မဲဆန္ဒနယ်က ဥက္ကဋ္ဌထံသို့ စာဖြင့် ရေးသားလက်မှတ်ထိုးတင်ပြလာပါတယ်။ အဆိုမှာ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တား နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သော ကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤလွှတ်တော်က တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ ဝိုင်းမော်မဲဆန္ဒနယ်က ဦးလဂန်ဇယ်ဂျုံးကို ဖိတ်ခေါ်ပါတယ်။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်မှ လက်ရှိမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး အလျင်အမြန် ကူညီဆောင်

ရှက်ပေးရမည့် အခြေအနေဖြစ်ပေါ်နေတဲ့အတွက် ပြည်သူလူထုရဲ့တင်ပြတောင်းဆိုချက်အရ အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းသွားမည်ဖြစ်ပါတယ်။ အဆိုမှာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်မှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သော ကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤလွှတ်တော်က တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ တစ်ပါတည်း Powerpoint ဖြင့် ပြသခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတွင် မူးယစ်ဆေးဝါးကို အလွယ်တကူရရှိနေသည့်အတွက် လူကြီး၊ လူငယ်၊ အမျိုးသမီး၊ တချို့ကလေးများပါ မူးယစ်ဆေးစွဲပြီး သေကျေပျက်စီး ရောဂါကပ်ဆိုးကြီးကျရောက်ပြီး ဒုက္ခမျိုးစုံ ပင်လယ်ဝေနေရပါတယ်။ တိုင်းပြည်ရဲ့တန်ဖိုးရှိလှတဲ့ လူသားအရင်းအမြစ်တွေ အလွယ်တကူ ဆုံးရှုံးလျက်ရှိနေတာ နှစ်ပေါင်းများစွာ ရှိခဲ့ပါပြီ။ ခေတ်အဆက်ဆက် နိုင်ငံတော်ကို အုပ်ချုပ်လာခဲ့တဲ့ အစိုးရများ၊ ကုလသမဂ္ဂအပါအဝင် UN အဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး နှစ်တိုနှစ်ရှည်စီမံကိန်းများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း အောင်မြင်မှုအပြည့်အဝမရှိသေးတာကို လေ့လာတွေ့ရှိရပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တိုင်းရင်းသားများဟာ မူးယစ်ဆေးဝါးအန္တရာယ်ကို ဆိုးရွားစွာခံစားခဲ့ကြရပါတယ်။ ဒါကြောင့် လွန်ခဲ့သော ၂၀၁၄ ခုနှစ်မှစတင်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မိခင်များနှင့် ကချင် ပြည်နယ်မှ လူငယ်များပူးပေါင်း၍ လူထုအခြေပြုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ကို စတင်ခဲ့ခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မိခင်အမြောက်အမြားဟာ မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးကို ခံစားနေကြရပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်နှစ်ခန့်က ရှမ်းပြည်(မြောက်ပိုင်း)မှ မိခင် အမျိုးသမီး ၃၀ ဦးက စတင်ပြီး ခံစားရခက်အသင်းအဖွဲ့ (ကချင်လို Hkan Sha Yak Hpung)ကို စတင်ဖွဲ့စည်းခဲ့ကြပါတယ်။ သူတို့ဟာ မူးယစ်ဆေးဝါးကြောင့် ခင်ပွန်းများ၊ သားသမီးများ၊ နေအိမ်၊ ကျွဲ၊ နွား၊ ပစ္စည်းဥစ္စာများ အလုံးစုံဆုံးရှုံးခဲ့ရသူများ ဖြစ်ပါတယ်။ ဒါ့အပြင် ကချင်ပြည်နယ်မှ လူငယ်များကလည်း လူငယ်များဘဝအနာဂတ်အတွက် အဓိကရန်သူဖြစ်တဲ့ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းလွတ်ရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးနိုင်ဖို့ တိုက်တွန်းမှုတွေပြုလုပ်ခဲ့ပါတယ်။ ဒီအခြေအနေအကြောင်းအရပ်ရပ် အားလုံးပေါင်းဆုံလာပြီး ယနေ့ လူထုအခြေပြုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ဆိုပြီး ပေါ်ပေါက်လာကာ မူးယစ်ဆေးဝါးရောင်းချသူများကို ဖမ်းဆီးပြီး သက်ဆိုင်ရာသို့

အပ်နှံခြင်း၊ သုံးစွဲသူများကို ဆေးဖြတ်ပေးခြင်း၊ လူကောင်းသူကောင်းဘဝသို့ရောက်ရှိရန် ဘာသာတရားဖြင့် သွန်သင်ခြင်းများကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်လျက်ရှိနေပါတယ်။ ထို့အပြင် ဘိန်းစိုက်ခင်းများကို ဒေသခံဘိမ်းစိုက်သူများနှင့်တွေ့ဆုံကာ ပညာပေးခြင်း၊ ညှိနှိုင်းတိုင်ပင်သဘောတူညီမှုများပြုလုပ်၍ ဘိန်းခင်းများကို လူထုအင်အားနှင့် ဝိုင်းဝန်းဖျက်ဆီးခဲ့ရာ ယခင်နှစ်က ဧက ၄၀၀ ကျော်ဖျက်ဆီးနိုင်ခဲ့ပြီး ယခုနှစ်တွင် ကချင်ပြည်နယ်အတွင်း တနိုင်း၊ ဆွမ်ပရာဘွမ်၊ ပူတာအို၊ ချီဖွေ၊ အင်းတော်ကြီးဒေသတို့တွင် ဘိန်းခင်းဧက ၃၀၀၀ ကျော်ကို ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဝိုင်းမော်မြို့နယ်အတွင်း၌လည်း သက်ဆိုင်ရာဒေသများနှင့် အစိုးရအဖွဲ့၊ ရဲတပ်ဖွဲ့၊ တပ်မတော်တို့၏ အကူအညီဖြင့် ဧက ၈၀၀ ကျော်ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ သို့သော် အဆိုပါဖျက်ဆီးနိုင်ခဲ့သောဘိန်းခင်းများမှာ အနည်းအကျဉ်းမျှသာဖြစ်ပြီး စီးပွားဖြစ်အများအပြားစိုက်ပျိုးထားသောဒေသများသို့ သွားရောက်ရန်အခက်အခဲရှိနေပါသည်။ ထိုဒေသများသို့ သွားရာလမ်းတွင် လက်နက်မျိုးစုံကိုင်ဆောင်ထားသော လူအင်အား ၁၀၀၀ ကျော်ခန့်ရှိ လူစုသည် လမ်းတွင်ပိတ်ဆို့ကာ စောင့်ဆိုင်းနေကြောင်း သိရှိရပါသည်။ ၃၀-၁-၂၀၁၆ ရက်နေ့တွင်လည်း ဒေသလုပ်ဖုံးဖြင့် တိုက်ခိုက်ခံရပြီး အမျိုးသားသုံးဦး ဒဏ်ရာရရှိခဲ့ပါသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့၏ ကားများကိုလည်း ဝိုင်းဝန်းဖျက်ဆီးကြကာ ရန်မူလာကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ပြည်နယ်အစိုးရအား လုံခြုံရေးအကူအညီပေးနိုင်ပါရန် တင်ပြခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ  တာဝန်ရှိသူများက လုံခြုံရေးကိစ္စကို မဆောင်ရွက်ပေးနိုင်တော့ကြောင်း၊ ဘိန်းခင်းဖျက်ဆီးခြင်းကို မိမိတို့အစိုးရအဖွဲ့မှ တာဝန်ပေးစေလွှတ်ထားသော ဌာနပေါင်းစုံမှ ပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ကသာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကချင်လူထုမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရန် အခွင့်အာဏာမရှိကြောင်း၊ ဘိန်းခင်းဖျက်ဆီးရန်လည်း အခွင့်အာဏာမရှိကြောင်း ပြောကြားလာပါသည်။ ၁၆-၂-၂၀၁၆ ရက်နေ့တွင် ဘိန်းစိုက်ပျိုးသူများဘက်မှ ကိုယ်စားလှယ်စေလွှတ်၍ အစိုးရအစီအစဉ်ဖြင့် ဘိန်းခင်းများဖျက်ဆီးမည်ဆိုပါက လက်ခံမည်ဖြစ်ပြီး လူထုအခြေပြုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့က လာဖျက်မည်ဆိုပါက လက်မခံနိုင်ကြောင်း အကယ်၍ လာဖျက်ပါက ပစ်ခတ်တိုက်ခိုက်သွားမည်ဟု လာပြောကြောင်းကို ပြည်သူလူထု၏ တင်ပြချက်အရ သိရှိရပါသည်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၃၁-၁၂-၂၀၁၅ ရက်နေ့တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(၂၄)ရက်မြောက်နေ့မှတ်တမ်းတွင် ယခင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ ယခု ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်က မူးယစ်ဆေးဝါးတိုက်ဖျက် နှိမ်နှင်းရေးတွင် လူထုမှပူးပေါင်းပါဝင်နိုင်ရေးအတွက် နိုင်ငံတော်မှ မူဝါဒချမှတ်ထားခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ပြန်လည်ဖြေကြားရာ၌ နိုင်ငံတော်မှ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် နည်းဥပဒေတို့ကို ပြဋ္ဌာန်းပေးခဲ့ ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နှင်းရေးတွင် လူထုမှ ပူးပေါင်းပါဝင်စေရေးတွက် နိုင်ငံတော်မှ မူဝါဒ ချမှတ်ပေးပြီးဖြစ်ပါကြောင်းနှင့် ဒီမူဝါဒနှင့်အညီ နှစ်ရှည်စီမံကိန်းများ ရေးဆွဲလျက် ပြည်သူလူထုနှင့် ပြည်တွင်းမှာရှိတဲ့ NGO ၊ INGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) အဖွဲ့များနှင့် ပူးပေါင်းပါဝင်လျက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင် အထည်ဖော်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့အပြင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်နေ့မှာ ကချင် ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်း သူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်း လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင် ရွက်ပေးရန်အဆိုကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ရာ ကန့်ကွက်သူမရှိ လွှတ်တော်က အတည်ပြုခဲ့ ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤအဆိုနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကိုကိုက ပြန်လည်ရှင်းလင်းဆွေးနွေးရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မူးယစ် ဆေးဝါးကာကွယ်တားဆီးရေး ဆောင်ရွက်ရာမှာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အမျိုးသား တာဝန်အဖြစ် ခံယူပြီး တစ်မျိုးသားလုံးက ပူးပေါင်းပါဝင်တိုက်ဖျက်ဆောင်ရွက်သွားကြပါဟု ဆွေးနွေး ထားသည်ကို သိရှိရပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ ဤအဆိုနှင့်ပတ်သက်၍ ပထမအကြိမ် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ်ပြောကြားရာ၌ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး

နိုင်ငံတော်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကြီးမားတဲ့စီမံကိန်း၊ နိုင်ငံတော် စီမံကိန်း အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ဆိုရင် အစိုးရတစ်ခုတည်းနဲ့မရပါဘူး။ ပြည်သူ တွေပူးပေါင်းပါဝင်မှ ရမှာဖြစ်ပါတယ်။ အစိုးရအဖွဲ့ တာဝန်ရှိတဲ့ အဖွဲ့အစည်းများလောက်နဲ့ ဒီစီမံကိန်း ကို အောင်မြင်အောင်ဆောင်ရွက်လို့မရဘူး။ ပြည်သူအားလုံးပါဝင်ပူးပေါင်းဆောင်ရွက်မှုရမည်ဖြစ် ကြောင်း ဤအဆိုကို အကောင်အထည်ဖော်ဖို့ဆိုရင်လည်း အစိုးရအဖွဲ့အစည်းတစ်ခု၊ ဌာနဆိုင်ရာအဖွဲ့ အစည်းများနဲ့ မလုံလောက်ဘဲနဲ့ ပြည်သူအားလုံးပါဝင်ဖို့လိုပါတယ်။ လွှတ်တော်တွင် ပြန်လည်တင်ပြ တာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ယနေ့ ပြည်သူတွေရဲ့အသံ၊ ပြည်သူတွေရဲ့ဆန္ဒကို ထုတ်ဖော် တင်ပြအတည်ပြုနေတဲ့ လွှတ်တော်ကဆောင်ရွက်ချက်၊ အတည်ပြုချက်တွေနဲ့ လက်တွေ့မြေပြင်က ဖြစ်စဉ်များ တာဝန်ရှိသူများရဲ့ ဆောင်ရွက်မှုများဟာ ဆီနဲ့ရေလို ကွာခြားနေတာ တွေ့မြင်ရပါတယ်။ လက်ရှိ ကချင်ပြည်နယ်၊ ဝိုင်းမော်ဒေသမှာ ကချင်ပြည်နယ်အစိုးရအဖွဲ့က စေလွှတ်ထားသော ဌာန ပေါင်းစုံမှ ပုဂ္ဂိုလ်များပါဝင်သည့် ဘိန်းခင်းဖျက်အဖွဲ့သည် တစ်ရက်လျှင်အများဆုံး ၁၅ ဧကခန့်သာ ဖျက်ဆီးနိုင်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များမှ ပြောကြားချက်အရ သိရှိရပါတယ်။ လက်ရှိဖျက်ဆီးရန် ကျန်ရှိနေသေးသော ဘိန်းခင်းများမှာ ဧကတစ်သောင်းကျော်ခန့် ရှိနေသေးကြောင်း ဒေသခံပြည်သူ များ၏ ပြောကြားချက်အရ သိရှိရပါတယ်။ ယခုအချိန်မီ လူအင်အားအပြည့်နဲ့ အင်တိုက်အားတိုက် ဆောင်ရွက်ရန် လိုအပ်နေပါတယ်။ ယခုအခါ ရှမ်းပြည်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်ဒေသအသီးသီးမှ ရောက်ရှိလာကြသော လူထုအင်အား လေးထောင်ကျော်ခန့်သည် ဝိုင်းမော်မြို့မှ ဆဒုံးဒေသသို့ သွားရာလမ်းတွင် ၁၆-၂-၂၀၁၆ ရက်နေ့တွင် စုဝေးရောက်ရှိနေကြပြီး မနေ့က ၂၃-၂-၂၀၁၆ ရက်နေ့ တွင် စတင်ဘိန်းခင်းရှိရာသို့ စတင်ထွက်ခွာသွားကြပြီး လုံခြုံရေး ပါဝင်ကူညီမှုအားနည်းနေကြောင်းကို ကြားသိရပါသည်။ ယင်းအဖွဲ့တွင် ခံစားရခက်သောပြည်သူများ၊ မိခင်များ၊ အမျိုးသမီးငယ်များလည်း ရာဂဏန်းပါဝင်နေပါကြောင်းကို တင်ပြလိုပါသည်။ ပြည်ထောင်စုအစိုးရ၏ မူဝါဒချမှတ်ချက်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ချက်များ၊ ပြည်သူ့လွှတ်တော်တွင် အတည်ပြုထားချက်များနှင့် အောက်ခြေတွင် ဖြစ်ပေါ်နေသောအခြေအနေများ ကွဲလွဲကွာဟမှု မရှိစေရန် ပြည်ထောင်စုအစိုးရအဖွဲ့က ချက်ချင်းဆောင်ရွက်ပေးရန် ပြည်သူလူထုက ဆန္ဒပြင်းပြ လျက်ရှိပါသည်။ ယခုအခါ အဆိုပါဘိန်းစိုက်ပျိုးသူများဟာ တစ်ဖက်နိုင်ငံသားများက လက်ဝါးကြီးအုပ် စီးပွားဖြစ်လုပ်ကိုင်နေတာကိုတွေ့ရလို့ နိုင်ငံတော်ရဲ့အချုပ်အခြာနဲ့ပတ်သက်၍လည်း ပုံရိပ်ကျဆင်းရ ပါသည်။ အောက်ခြေဒေသခံ ပြည်သူလူထုများပါဝင်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့အနေဖြင့်

၎င်းတို့ကိုယ်တိုင် တွေ့မြင်ထားသော ဧကတစ်သောင်းကျော်ခန့်ရှိနေသည့် အစိုးရထိန်းချုပ်ဧရိယာ အတွင်းရှိ ဘိန်းခင်းများကို အချိန်မီသွားရောက်ဖျက်ဆီးနိုင်ရန်အတွက် ထိရောက်သောကူညီပံ့ပိုးပေးမှု ကို လိုလားလျက်ရှိနေကြပါတယ်။ နိဂုံးချုပ်အားဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူ လူထုပါဝင်မှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောက်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ် ပေးရန်အပြင် ထိရောက်သော ကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤလွှတ်တော်က တိုက်တွန်းကြောင်း အရေးကြီးအဆိုကို တင်ပြအပ်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု ဦးလဂန်ဇယ်ဂျုံး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးလမာနော်အောင်(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးတင်သွင်း သော မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန် နှင့် ဟန့်တားနှောင့်ယှက်သူများ၏အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သောကူညီပံ့ပိုးမှုများ ကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤလွှတ်တော်က တိုက်တွန်း ကြောင်းအရေးကြီးအဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးအန္တရာယ်ဟာ လူသားတွေ မျိုးတုံး သွားနိုင်လောက်အောင် ကြီးမားတဲ့ပြဿနာဖြစ်တဲ့အတွက် အချိန်မဆိုင်းအားလုံးပါဝင်ပြီး အင်တိုက် အားတိုက် တိုက်ဖျက်ရန်အထူးအရေးကြီးလှပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နှစ်စဉ်နှစ်တိုင်း ဘိန်းစိုက် ရာသီချိန်မှာ စိုက်ခင်းများဖျက်ဆီးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေကြောင်း ကြားသိရပေမယ့် လူကြီး/ လူငယ်၊ ကျား/မ မခွဲ တချို့ကလေးများတွင်ပါ မူးယစ်ဆေးဝါးသုံးစွဲမှုကတော့ တိုးတက်လာနေ တာကို သိမြင်နေရပါတယ်။ အကြောင်းကိုသုံးသပ်မယ်ဆိုရင် ဘိန်းစိုက်ခင်းတွေကို ဖျက်ဆီးခဲ့တယ် ဆိုသော်လည်း မဖျက်ဆီးနိုင်သော လက်ကျန်ဘိန်းခင်းဧရိယာတွေက ပိုများနေလို့ပဲဆိုတာ အဖြေထွက်

ပါတယ်။ ဒီမူးယစ်အန္တရာယ်ကလွတ်မြောက်ဖို့ဆိုတာ အစိုးရနှင့်ပြည်သူလက်တွဲမဖြုတ် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် အထူးအရေးကြီးလှပါတယ်။ ယနေ့အချိန်ဟာဆိုရင် ပြည်သူထဲမှာ မူးယစ်ဆေးဝါးကြောင့် လူမှုဒုက္ခမျိုးစုံကို ခါးသီးစွာခံစားနေကြရပါတယ်။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မိသားစုတိုင်းနီးပါး ဒီဒုက္ခကိုခံစားရပြီး လင်သေ၊ သားဆုံး၊ စီးပွားပျက်တဲ့မိခင်များလည်း အရေအတွက်တိုးပွားလာတာကို တွေ့ရပါတယ်။ ဒီမူးယစ်ဆေးဝါးကြောင့် လူငယ်၊ လူလတ်ပိုင်းများရဲ့ သေဆုံးမှုနှုန်းသည် သက်ကြီးရွယ်အိုများသေဆုံးမှုနှုန်းထက် ပိုမိုမြင့်မားနေတာကိုလည်း တွေ့ရပါတယ်။ တိုင်းပြည်အတွက်အကျိုးရှိမယ့် လူသားအရင်းအမြစ်များပါ ကွယ်ပျောက်လာတဲ့အခြေအနေမှာ ရှိနေပါတယ်။ ယခုအချိန်မှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပြည်သူလူထုက ပါဝင်လာမှုကြောင့် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူများ အထူးလျော့ကျလာတာကိုလည်း တွေ့မြင်ရပါတယ်။

ဒါကြောင့် ယနေ့ မူးယစ်ဆေးဝါးမျိုးစုံရဲ့အန္တရာယ်ကို ခါးစည်းခံနေရသော ပြည်သူလူထုက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ နိုးကြားစွာပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရမှာဖြစ်သလို ထိရောက်တဲ့အကူအညီပေးမှုကိုလည်း အစိုးရမှ အမြန်ဆုံးပံ့ပိုးပေးရန်လိုအပ်ပါတယ်။ ထို့အပြင် မူးယစ်ဆေးဝါးစိုက်ပျိုးရောင်းဝယ်သူများက တိုက်ဖျက်နှိမ်နင်းသူများကို အန္တရာယ်ပြုမှုတွေကိုလည်း အင်အားသုံးပြီးကူညီပေးရန် မဖြစ်မနေလိုအပ်ပါတယ်။ ယခုအခါ ကချင်ပြည်နယ်၊ ဝိုင်းမော်ဒေသမှာ ဘိန်းစိုက်ခင်းများကို သွားရောက်ဖျက်ဆီးရန် ရောက်ရှိနေသောပြည်သူလူထုကို အစိုးရမှ အထူးအကူအညီပေး လက်တွဲပံ့ပိုးဖို့လိုအပ်ပါတယ်။ အစိုးရကဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုတည်းကသာ ဘိန်းခင်းများကို ဖျက်ဆီးမည်ဆိုပါက အချိန်မလုံလောက်မှု၊ လုပ်အားမလုံလောက်မှုနှင့် နယ်မြေမကျွမ်းကျင်မှုကြောင့် ထိရောက်စွာဆောင်ရွက်နိုင်မည်မဟုတ်တဲ့အပြင် ပြည်သူလူထု၏ မယုံကြည်မှုကိုလည်း ခံရနိုင်ဖွယ်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထုပါဝင်မှုကို အစိုးရက ဝမ်းမြောက်ဝမ်းသာကြိုဆိုရမှာဖြစ်ပြီး ထိရောက်သောကူညီပံ့ပိုးမှုများကို မဖြစ်မနေဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ သို့ဖြစ်၍ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးတင်သွင်းသော အရေးကြီးအဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်းနှင့် လွှတ်တော်မှာဆွေးနွေးအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော်မဲဆန္ဒနယ်က တင်သွင်းသော မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သောကူညီပံ့ပိုးမှုများကို အမြန်ဆုံး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤလွှတ်တော်က တိုက်တွန်း ကြောင်းအရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ ဒီအရေးကြီးအဆိုကို ဆက်လက်ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေရဲ့ သုံးပုံတစ်ပုံထက်မနည်းက ထောက်ခံလျှင် ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပြီး အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၃၅၇ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၀ မဲ၊ ကြားနေမဲ ၅ မဲတို့ဖြစ်ပါတယ်။ ဒါကြောင့် ထောက်ခံဆန္ဒမဲကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံရှိတဲ့အတွက် ဦးလဂန်ဇယ်ဂျုံးတင်သွင်းတဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သောကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လွှတ်တော်ကတိုက်တွန်းကြောင်းအဆိုကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးစရာတစ်ခုရှိပါတယ်။ ကျွန်တော်တို့ ဒီနေ့ အစည်းအဝေးတက်ရောက်စဉ်တုန်းက အစည်းအဝေးတက်ရောက်သူ ၄၂၆ ဦးရှိပါတယ်။ အခု မဲပေးတဲ့အခါမှာ မဲပေးပိုင်ခွင့်ရှိသူ ၄၀၆ ဦး တွေ့ရှိရပါတယ်။ ၂၀ ဦး ပျောက်နေပါတယ်။ ၂၀ ဦးပျောက်နေတာက ကော်မတီအစည်းအဝေးတွေ ရှိလို့ သွားသလား၊ ဒါမှမဟုတ် ကိုယ့်နည်းကိုယ့်ဟန်နဲ့သွားသလား။ ကျွန်တော်တို့ အလေးအနက်ထားရပါမယ်။ နောက်ကို ကော်မတီအစည်းအဝေးတွေရှိလို့ရှိရင် ကျွန်တော်တို့ ကော်မတီအစည်းအဝေးတိုင်း၊ အစည်းအဝေးတိုင်းဟာ လွှတ်တော်ပြီး နေ့လယ်ပိုင်းကနေပြီးတော့ ညနေ ၄ နာရီ၊

၄ နာရီခွဲ ရုံးချိန်အထိ လုပ်နိုင်ပါတယ်။ အခုလောလောဆယ် ၂၀ ဦးပျောက်တာတွေ့ရှိတာကို ကျွန်တော် ဒါ လွှတ်တော်ကို အသိပေးတင်ပြခြင်း ဖြစ်ပါတယ်။

**ဦးလဂန်ဇယ်ဂျူး၊ ဝိုင်းမော်မဲဆန္ဒနယ်က တင်သွင်းသော မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သောကူညီပံ့ပိုးမှုများကို အမြန်ဆုံး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤလွှတ်တော်ကတိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ ဒီအရေးကြီးအဆိုကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်သော ၂၅-၂-၂၀၁၆ ရက်နေ့(ကြာသပတေးနေ့)မှာ ဆက်လက် ဆွေးနွေးမှာဖြစ်တဲ့အတွက် ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ယနေ့ ၂၄-၂-၂၀၁၆ ရက်နေ့ (ဗုဒ္ဓဟူးနေ့)ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြပါရန် အသိပေးတင်ပြပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏**

**အတည်ပြုချက်ရယူခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ပါဝင်မယ့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ (၂၂-၂-၂၀၁၆)ရက်နေ့မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီးမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးသက်လွင်(ခ)ဦးပေါ်ခင်၊ မြင်းခြံမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| (၁) | ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း | ပေါင်းတည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဦးကျော်မျိုးမင်း | မိုးညှိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးအောင်စိုး | သရက်ချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးအောင်သန်းစိန် | ခန္တီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးရဲလွင် | အလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာဦးအောင်နိုင် | သပိတ်ကျင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးအုန်းလွင် | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၈) | ဦးဝင်းထွဋ် | ဖျာပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးအောင်ကျော်ကျော်ဦး | လှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးအောင်ခင်ဝင်း | မြိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးဖိုးမောင် | ဖယ်ခုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးနိုယာအုပ် | ဟားခါးမဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |
| (၁၃) | ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ရင်းနှီးမြုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာပါဝင်မယ့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ ၂၂-၂-၂၀၁၆ ရက်နေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ တင်ပြခဲ့ပြီးသော ကော်မတီ ဥက္ကဋ္ဌများအဖြစ် လျာထားသည့် ဦးခင်မောင်ဦး(ကျောက်တံခါးမဲဆန္ဒနယ်)အစား ကော်မတီဝင်အဖြစ် လျာထားသည့် ဦးကြည်မိုးနိုင် (ရေတာရှည်မဲဆန္ဒနယ်) အားလည်းကောင်း၊ ကော်မတီအတွင်းရေးမှူးအဖြစ် လျာထားသည့် ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)အစား ကော်မတီအဖွဲ့ဝင်အဖြစ် လျာထားသည့် ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်(အမရပူရမဲဆန္ဒနယ်)အားလည်းကောင်း၊ ကော်မတီအဖွဲ့ဝင်အဖြစ် လျာထားသည့် ဦးစစ်နိုင်(မင်းပြားမဲဆန္ဒနယ်)အစား ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)

အားလည်းကောင်း လိုအပ်သော ကော်မတီအဖွဲ့ဝင်နှစ်ဦးနေရာတွင် ဦးလှထွန်းအောင် (မလှိုင်မဲဆန္ဒနယ်)နှင့် ဦးဇော်မင်း(အုတ်ဖိုမဲဆန္ဒနယ်)တို့အားလည်းကောင်း အစားထိုးဖွဲ့စည်းမှာဖြစ်ကြောင်း အသိပေးတင်ပြပါတယ်။

ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးကြည်မိုးနိုင်၊ ရေတာရှည်မဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူး အဖြစ် ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်၊ အမရပူရမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| (၁) | ဦးသာအောင် | မြို့သစ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဦးဌေးဝင်း | တာချီလိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးအေးဝင်း | အင်္ဂပူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဒေါက်တာဇော်ဝင်းမြင့် | စဥ့်ကူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးမြင့်ဟန်ထွန်း | ဘုတလင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးသန်းထွန်းမြင့် | ကလေးဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးမြင့်ဦး | မကွေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ | ကုန်းကြမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးဉာဏ်ဟိန်း | သံဖြူဇရပ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးနေမျိုးထက် | ကျောက်တံတားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးလှထွန်းအောင် | မလှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးဇော်မင်း | အုတ်ဖိုမဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |

(၁၃) ဒုတိယဗိုလ်မှူးကြီးမြဦး တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၃း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]